# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့။ Monday, 16 May 2022 ၁၀၇၃၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တဘူးလှဆည်မှ အောင်ရေပြည့်မီစွာ ပို့လွှတ်နိုင်ခဲ့၍ နွေစပါးအထွက်နှုန်းကောင်းပြီး တောင်သူများ အဆင်ပြေ

ရန်ကုန် မေ ၁၅

တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ နွေစပါးစိုက်ဧက ၂၆၅၅၃ ဧကကို တဘူးလှဆည်မှ အောင်ရေပြည့်မီစွာ ပို့လွှတ်နိုင်ခဲ့သောကြောင့် ယခုနှစ် နွေစပါးအထွက်နှုန်းကောင်းပြီး တောင်သူများ အဆင်ပြေခဲ့ကြောင်း သိရသည်။



တဘူးလှဆည်ကို တွေ့ရစဉ်။

နွေစပါးအတွက် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ တဘူးလှဆည်မှ ရေပို့လွှတ်ခဲ့၍ ဧပြီလပထမပတ်တွင် နွေစပါးကို စတင်ရိတ်သိမ်းခဲ့ရာ မေ ၁ ရက်တွင် ဆည်ရေပို့လွှတ်မှုကို ထိန်းခဲ့သည်။ အောင်ရေပြည့်မီစွာပို့လွှတ်နိုင်သောကြောင့် နွေစပါးတစ်ဧကေလျှင် တင်း ၉၀ မှ ၁၀၀ ကြား ထွက်ရှိခဲ့ပြီး တောင်သူတို့ ပြုံးပန်းဝေခဲ့သည်။

"တဘူးလှဆည်အနေနဲ့ နှစ်စဉ် နွေစပါး လျာထားတဲ့အတိုင်း ရေပို့လွှတ်ပေးခဲ့ပါတယ်။ ဒီနှစ်နွေစပါးစိုက်ဧက ၃၀၀၀၀ ကျော်မှာ ၂၆၅၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အောင်ရေပို့လွှတ်နိုင်ခဲ့တဲ့အပြင် ဒီနှစ်နွေစပါးစိုက်တဲ့ မှော်ဘီမြို့နယ်က ဧက ၃၀၀ ကိုလည်း အောင်ရေပို့လွှတ်နိုင်ခဲ့ပါတယ်။ လာမယ့်နှစ်မှာ တိုးချဲ့စိုက်ပျိုးမှုအပေါ် မူတည်ပြီး ရေပို့လွှတ်ဖို့ ကြိုးစားသွားမှာပါ။ ပြီးတော့ နွေစပါးအပြင် နေကြာ ဧက ၄၀၀၀ ကျော်ကို တိုက်ကြီးမြို့နယ်မှာ စိုက်ပျိုးမှာဖြစ်တဲ့အတွက် တဘူးလှဆည်အနေနဲ့ ဆည်ရေကိုပြည့်မီစွာ ပို့လွှတ်ဖို့ ရှိပါတယ်။ ဒီနွေစပါးမှာလည်း တောင်သူတွေ


စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳



**ယနေ့ ဖတ်စရာ**



**ခေါင်းလောင်းသံ တည်ညံနဲ့ . . .**

ဆောင်းပါး စာမျက်နှာ » ၆

**ရွှေပြည်တော် မျှော်တိုင်းမဝေးဖို့ သမိုင်းပေးပြည်ထောင်စု စိတ်ဓာတ်များဖြင့် တည်ဆောက်ရမည့် အနာဂတ်နိုင်ငံတော်**



စာမျက်နှာ » ၁၀၊ ၁၁

**မြောက်ကိုရီးယားနိုင်ငံ၌ အဖျားရောဂါလက္ခဏာ တွေ့ရှိသူ နှစ်သိန်းကိုးသောင်းကျော် ထပ်မံတွေ့ရှိ**

စာမျက်နှာ » ၁၂

**လယ်ယာစွန့်ပစ်ပစ္စည်းများမှသည် အစားအစာလုံခြုံမှုဆီသို့**

စာမျက်နှာ » ၁၅

ကြေးမုံ

# နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်

ဆေးတက္ကသိုလ်များ၏ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ပြီး၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလများတွင် ဆေးပညာဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူ စုစုပေါင်း ၁၂၂၂ ဦးတို့အား ကတိခံဝန်ချက်အတိုင်း နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အသိပေးကြေညာချက် ထုတ်ပြန်ထားသည်။

ဖော်ပြပါ ဆေးပညာသင်ကြားခဲ့ကြသူများသည် သက်ဆိုင်ရာဆေးတက္ကသိုလ်များတွင် ပထမနှစ်သင်တန်းသို့ စတင်တက်ရောက်စဉ်ကတည်းက တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း "ဘွဲ့ရရှိပြီးနောက် နိုင်ငံတော်မှ လိုအပ်သည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ကြာ မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်"ဟု ကတိခံဝန်ချက် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ယခုအခါ နိုင်ငံတော်တွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆရာဝန်များ လိုအပ်လျက်ရှိသောကြောင့် အဆိုပါဆေးပညာ သင်ကြားတတ်မြောက်ထားသူတို့သည် သင်တန်းတက်ရောက်စဉ်က ချုပ်ဆိုထားသည့် ကတိခံဝန်ချက်အတိုင်း နိုင်ငံ့ဝန်ထမ်းဆရာဝန်အဖြစ် သုံးနှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။

ဆေးပညာသင်ကြားခြင်းသည် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖြစ်သည်။ တတ်မြောက်ထားသော ဆေးပညာဖြင့် နိုင်ငံ့ဝန်ထမ်း မလုပ်လိုလျှင်လည်း နိုင်ငံတော်က အကုန်အကျခံသင်ကြားပေးခဲ့သော အတတ်ပညာဖြစ်၍ နိုင်ငံ့တာဝန်ကို အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ပြီးနောက် ဆန္ဒအတိုင်း ဆက်လက်လုပ်ကိုင်နိုင်ပေသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပြီး ကျန်းမာရေးဘက်ဆိုင်ရာ လိုအပ်သည်များကို ငွေကြေးအမြောက်အမြား နှစ်စဉ်အကုန်အကျခံ ဆောင်ရွက်ပေးနေသည်။

ပြီးခဲ့သည့်ကာလက နိုင်ငံရေးပယောဂများကြောင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ ပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်မှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းလိုအပ်သည့် ဒေသများတွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များအား တွဲဖက်တာဝန်ပေးထမ်းဆောင်လျက်ရှိသည်။ ဆေးဝန်ထမ်းတပ်ဖွဲ့များ၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိသည့် နိုင်ငံ့ဝန်ထမ်းများ၊ စေတနာရှင်များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျန်းမာရေးအခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့သည်။

တစ်ချိန်တည်းတွင် ဆေးပညာသင်ယူသူများအား ဆက်လက်သင်ကြားမွေးထုတ်ပေးကာ ခန့်အပ်တာဝန်ပေးလျက်ရှိသည့်အပြင် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှု ပြည့်ဝစွာပေးနိုင်ရန်အတွက် ဆေးရုံများနှင့် ဆေးပစ္စည်းများကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ရောဂါကူးစက်မှုနှုန်း မြင့်မားခဲ့သော်လည်း ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်း ငါးရာခိုင်နှုန်းအောက်ရောက်လျှင် ရောဂါထိန်းချုပ်နိုင်သည့်အဆင့်သတ်မှတ်ချက်ကို ကျော်လွန်ကာ သုညဒသမအောက်ရာခိုင်နှုန်းဝန်းကျင် ရောက်လာခဲ့သည်။ ယင်းသည် ကျန်းမာရေးကဏ္ဍ၏ အောင်မြင်မှုတစ်ခုဖြစ်သော်လည်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတွင် ဝန်ထမ်းလိုအပ်မှုများ များစွာရှိနေသည်။

ဆေးပညာသည် ပညာရပ်ဆိုင်ရာများတွင် အလွန်မွန်မြတ်သော ပညာရပ်တစ်ခုဖြစ်ပြီး လူတစ်ဦး အသက်ရှင်ကျန်းမာရေးကို ဆောင်ရွက်ပေးခြင်းဖြစ်၍ ပြည်သူများက အားကိုးအားထားပြုကြသည်။ ဆေးပညာ စတင်သင်ကြားစဉ်က ကတိခံဝန်ချက်များ ပြုကြရသည့်အပြင် "ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသောဆေးပညာဖြင့် ဂိလာနလူပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး အစွမ်းကုန်စောင့်ရှောက်ပါအံ့"၊ "ဆေးပညာဖြင့် လူသားတို့၏ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့"၊ "သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သော ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းပါအံ့"ဟု သစ္စာဆိုထားကြသူများဖြစ်သည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည်ဆိုရာ၌ ပြည်သူ့ဆေးရုံများသည် ငွေကြေးကို အဓိကမထားဘဲ စေတနာအပြည့်အဝထား၍ ကုသစောင့်ရှောက်မှုပေးသောနေရာဖြစ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူအများစုသည် အခြေခံလူတန်းစားများဖြစ်၍ ငွေကြေးအကုန်အကျသက်သာသော ပြည်သူ့ဆေးရုံများကိုသာ အားကိုးအားထားပြုကြသည်။ သို့ဖြစ်ရာ ဆေးပညာတတ်မြောက်သူတစ်ဦးအနေဖြင့် မည်သို့ခံယူချက်ရှိသည်ဖြစ်စေ မွန်မြတ်သော စေတနာဖြင့် အယုတ်အလတ်အမြတ်မရွေး ကုသပေးသည့် ပြည်သူ့ဆေးရုံများတွင် ပြည်သူအကျိုးပြု၊ နိုင်ငံအကျိုးပြု သယ်ပိုးထမ်းရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသ ဆောင်ရွက်ရသည့်လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



နေပြည်တော် မေ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ကောလိပ်ကုက္ကိုပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မဏိဇောတကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## ဓနုဖြူမြို့နယ်၌ ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်း

ဓနုဖြူ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၃)ရပ်ကွက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ကျောင်း (ခင်မကန်ကျောင်းတိုက်)တွင် ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အတွင်း သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကျင်းပသည်။



ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ စသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်းရာတွင် ဓနုဖြူမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၂၄၁ ကျောင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင် ၂၃၃၆ ပါးတို့အား ဆွမ်းဆန်တော် ၃၄၆ အိတ်၊ ဆီ ၁၀၃၆ ပိဿာ၊ ပဲ ၁၀၃၆ ပိဿာ၊ ဆားပိဿာ ၂၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၀၇၂၀၀၀၀ ရှိ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

အေးအေးအောင် (ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး - ဦးဝင်းနိုင် | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့မီးရထား International Hotel Project နှင့် Land Mark Project တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံစဉ် ပါမောက္ခချုပ်က တက္ကသိုလ်က သင်ကြားရေးနှင့် စီမံရေးရာကိစ္စရပ်များ၊ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နေမှု၊ ကျောင်းသား ကျောင်းသူ များ ပြန်လည်တက်ရောက်နေမှုနှင့် တက္ကသိုလ် ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အသစ်တည်ဆောက် သည့်လုပ်ငန်းများ အချိန်မီ ပြီးစီးရေးနှင့် စံချိန်စံညွှန်း နှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ အစီအစဉ်ရေးဆွဲဆောင်ရွက်ရန်၊ သင်ရိုးညွှန်းတမ်း များ ခေတ်စနစ်နှင့်အညီ ရေးဆွဲသင်ကြားရန်နှင့် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း ရေးစီမံသွားရန်မှာကြားပြီး စာကြည့်တိုက် တည်ဆောက်ပြီးစီးမှု၊ ဘတ်စကက်ဘောကွင်း တည်ဆောက်ပြီးစီးမှု၊ တက္ကသိုလ်ဘောလုံးကွင်း ပြုပြင်မွမ်းမံမှု၊ Recreation Centre၊ ဘွဲ့နှင်းသဘင် ခန်းမ၊ Simulator ခန်း၊ ကျောင်းသား ကျောင်းသူ အဆောင်တည်ဆောက်မည့်မြေနေရာနှင့် ဝန်ထမ်း အိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းပဲတန်းမြို့နယ် အမှတ်(၃၇၂) ဗိုလ်ချုပ်အောင်ဆန်း လမ်းမပေါ်ရှိ မြန်မာ့မီးရထားပိုင်မြေတွင် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် International Hotel Project နှင့် Land Mark Project တို့ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စီမံကိန်းမှ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိမိတို့နိုင်ငံသည် နေရောင်ခြည်စွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော် တည်ဆောက်သွားရမည်

နေပြည်တော် မေ ၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်အတူ ယနေ့နံနက်ပိုင်း တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝ ကျေးရွာအနီးရှိ Clean Power Energy Co.,Ltd မှ တည်ဆောက်ထားသော ၃၀ မဂ္ဂါဝပ် သပြေဝနေရောင် ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ၏ ဓာတ်အား ထုတ်လုပ်နေမှုနှင့် ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အား ခွဲရုံတို့မှ ဓာတ်အားဖြန့်ဖြူးနေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။



မှာကြား

ဦးစွာ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ပြည်ထောင်စု ဝန်ကြီးက မိမိတို့နိုင်ငံသည် နေရောင်ခြည်စွမ်းအင် အရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ ကို အကောင်အထည်ဖော် တည်ဆောက်သွားရမည် ဖြစ်ကြောင်း၊ ဤသပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွင် ဆိုလာ Tracking System တပ်ဆင်ထားခြင်းကြောင့် လျှပ်စစ်ဓာတ်အား ပိုမို ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရသဖြင့် နောင်ပြုလုပ် မည့် ဆိုလာစီမံကိန်းများတွင်လည်း ဆိုလာ Tracking System နည်းပညာကို အသုံးပြုသွားရန်လိုအပ် ကြောင်း၊ သပြေဝ ပင်မဓာတ်အားခွဲရုံမှ ဓာတ်အား ပို့လွှတ်ရန် နိုင်နင်းသည့်အတွက် ဤသပြေဝဆိုလာ ဓာတ်အားပေးစက်ရုံအနီးတွင်ရှိသည့် မြေလွတ် မြေရိုင်းများပေါ်တွင် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဆိုလာစီမံ ကိန်းသစ်များ ထပ်မံအကောင်အထည်ဖော်ဆောင် ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ထုံးလုပ်နည်းများ နှင့်အညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဓာတ်အားပေးစက်ရုံမှ ပို့လွှတ်သော ဓာတ်အားများ မပြတ်တောက်စေရေးနှင့် ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို အလေး ထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နေရောင်ခြည် စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်ပြီး နိုင်ငံ တော်ဓာတ်အားစနစ် (National Grid System)သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် စက်ရုံဧရိယာ အတွင်း Solar Panal များ တပ်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

သပြေဝ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေး စက်ရုံသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝကျေးရွာအနီးရှိ မြေဧရိယာ ၁၃၃ ဒသမ ၄၄ ဧကပေါ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၃၀ ဖြစ်ကာ အမြင့်ဆုံး လျှပ်စစ်စွမ်းအားနှုန်း ၄၅၅ ဝပ်ရှိသည့် Bifacial Monocrystalline Silicon Module ပေါင်း ၈၃၇၅၂ ခု၊ Single Axis Solar Tracker ၉၆၆ စုံ တပ်ဆင်ထားပြီး မြန်မာနိုင်ငံတွင် ဒုတိယ မြောက် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့ သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တစ်ရုံဖြစ်ကာ အဆိုပါဓာတ်အားပေးစက်ရုံမှ တစ်ရက်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ နှစ်သိန်းကျော်ခန့် ထုတ်လုပ်ကာ တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၆ သန်း ထုတ်လုပ်ပေးလျက်ရှိပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို လေးမိုင်ခန့်ရှိသည့် ၃၃ ကေဗွီနှစ်ထပ် ကောင်းကင်ဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စု ဝန်ကြီးက ထပ်မံတည်ဆောက်မည့် နေရောင်ခြည် စွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာ မည့် လျှပ်စစ်ဓာတ်အားများကို သပြေဝပင်မ ဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်ဆောင်ရွက် ထားရန်နှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်း ကျဆင်းစေရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး စဉ်ဆက်မပြတ် စစ်ဆေး ဆောင်ရွက်သွားရန် မှာကြား၍ ဓာတ်အားခွဲရုံအတွင်း ရှိ Switch Yard အတွင်း ဓာတ်အားပို့လွှတ် ဖြန့်ဖြူး ပေးနေမှုနှင့် လက်ရှိဓာတ်အားလိုင်းများနှင့် ထရန် စဖော်မာများ၏ ဝန်အားထိန်းညှိ ဖြန့်ဖြူးထားမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ တာဝန်ကျေပွန်ထူးချွန်သည့် နိုင်ငံ့ ဝန်ထမ်းများကို အသိအမှတ်ပြု ချီးမြှောက်ပေးရေး လမ်းညွှန်ချက်နှင့်အညီ သပြေဝပင်မ ဓာတ်အားခွဲရုံမှ ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို ထူးချွန်စွာ ထမ်းဆောင်နိုင်မှု၊ ဓာတ်အားခွဲရုံဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်လှပစေရန် ဆောင်ရွက်နိုင်မှုတို့ ကြောင့် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန် စားအုန်းဆီလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၆၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ် တင်ပို့သည့်မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေ သည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်း တွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်းကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံ များတွင် စားအုန်းဆီဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး တစ်ပတ် အတွင်း ဖြစ်ပေါ်ခဲ့သည့် FOB ဈေးနှုန်းများအပေါ်အခြေခံ၍ တွက်ချက် မှုအရ ၂၀၂၂ ခုနှစ် မေ ၁၆ ရက်မှ မေ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၆၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်း ချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာ သည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင် မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူ ရေးရာဦးစီးဌာန၏ Website:www.doca.gov.mmနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့ အစည်းအဝေးများ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၅**

(၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ CONRAD HOTEL BALI ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေး ပထမပိုင်းအစီအစဉ်တွင် (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို "ကပ်ရောဂါများ ပြင်ဆင်တုံ့ပြန်ရာတွင် One Health Approach နည်းလမ်းအသုံးပြုရေး" "Promoting One Health Approach to Prepare and Respond to Pandemic" ခေါင်းစဉ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Health Commission မှ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆွေးနွေးပြောကြားရာတွင် ကိုဗစ်-၁၉ ကဲ့သို့ ကူးစက်ရောဂါများ ထိရောက်အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံတွင် ကူးစက်ရောဂါထိန်းချုပ်မှုဗဟိုဌာန(Myanmar Center for Disease Control) တည်ဆောက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းခြင်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ ကူးစက်ရောဂါ ထိန်းချုပ်မှုဗဟိုဌာန တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံ၏ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအပြင် အခြားဆက်စပ်ဝန်ကြီးဌာနများပါ အသုံးပြုနိုင်မည့် သိပ္ပံနည်းကျ သတင်းအချက်အလက်များ၊ အကြံပြုချက်များ ပံ့ပိုးပေးနိုင်မည့်အပြင် ရောဂါပိုးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများရှိ ကူးစက်ရောဂါ ထိန်းချုပ်မှုဌာနများနှင့်လည်း အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နောင်ကာလတွင် ဖြစ်ပွားလာနိုင်သည့် ကပ်ရောဂါများအတွက် "One Health Approach" ဖြင့် တိရစ္ဆာန်များတွင် ဖြစ်ပွားသော ရောဂါပိုးမွှားများအား စောင့်ကြည့်လေ့လာ၍ သတင်းအချက်အလက်များ၊ ရောဂါကူးစက်သည့် နည်းလမ်းများကို လျင်မြန်စွာဖြန့်ဝေခြင်းဖြင့် လူသားများတွင် တွေ့ကြုံနိုင်သည့် ကပ်ဘေးအန္တရာယ်များကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ပြောကြား၍ (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။



ဆက်လက်၍ ဒုတိယနေ့ နေ့လယ်ပိုင်း ဒုတိယပိုင်းအစီအစဉ်အဖြစ် အာဆီယံ-အမေရိကန် ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို "ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများအတွက် ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာစေရန် အာဆီယံ-အမေရိကန် ပူးပေါင်းဆောင်ရွက်ရေး" "Charting ASEAN-US Future Collaboration towards Strengthening Health Systems for Public Health Emergencies" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံမှ Secretary of U.S Department of Health and Human Services တို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးစနစ်တောင့်တင်းခိုင်မာမှု၏ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် "လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်" ဟူသော လုပ်ငန်းစဉ်နှင့်အညီ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း ရောဂါကူးစက်ပြန့်ပွားမှုများ ထိန်းချုပ်ရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်လျက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အခက်အခဲများစွာ ကြုံတွေ့ရခြင်းများရှိပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာဌာနများ၊ ကာကွယ်ဆေးထိုးနေရာများတွင် ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်အဖွဲ့အစည်းများမှ တိုက်ခိုက်မှုများရခြင်းများ ကြုံတွေ့နေရခြင်းများ ရှိပါကြောင်း။

**တိုးချဲ့ထိုးပေးနေ**

သို့သော်လည်း မိမိတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကပ်ရောဂါအား ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခဲ့ပြီး ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများအား မူလသတ်မှတ်ထားသော ဦးစားပေးအုပ်စုများသာမက မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ရှိရာဒေသများ၊ ရွှေ့ပြောင်းအုပ်စုများရှိရာနေရာများပါ တိုးချဲ့ထိုးပေးနေသည့်အပြင် နောင်လာမည့်အပတ်များတွင် အသက် ၁၂ အထက်ကလေးများ ထိုးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management- AHA Centre) မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်အတူ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကူးစက်ရောဂါများ ကူးစက်မှုသည် ဧရိယာနယ်ပယ်ကန့်သတ်ထားခြင်း မရှိသည့်အတွက် အာဆီယံဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါ၍ နိုင်ငံတစ်နိုင်ငံအား ချန်ထားခဲ့ခြင်းအားဖြင့် ဒေသတွင်းကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိမည်မဟုတ်ပါကြောင်း ဆွေးနွေးပြောကြား၍ အာဆီယံ-အမေရိကန် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်းများအား အတည်ပြုထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ညီလာခံကျင်းပရန် အလှူငွေလှူဒါန်း

**ရန်ကုန် မေ ၁၅**

မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံကို မေ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံကျင်းပရန်အတွက် စာရေးဆရာချစ်နိုင် (စိတ်ပညာ) မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ဒေါက်တာမျိုးသန့်တင်၊ ကဗျာဆရာသူရဇော်-ခင် (တိုင်းရင်းမေ) စာပေမောင်နံ့ မိသားစု၊ ပခုက္ကူစာပေဆုရ စာရေးဆရာဆွေဇင်ညွန့်၊ ဒေါ်မိမိကို (အလှရပ်ဝန်း) နှင့် သာကေတမြို့နယ် စာရေးဆရာအသင်းတို့က အလှူငွေကျပ် တစ်သိန်းစီ၊ ကွယ်လွန်သူ ဦးသန်းလှိုင် (တက္ကသိုလ်သခ်) မိသားစုနှင့် မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် ၅၀၀၀၀ စီ ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အသင်းအတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**




## ဒုတိယဝန်ကြီးဦးရဲတင့် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံး(သန်လျင်)နှင့် ကျောက်တန်းမြို့နယ်ရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဒုတိယဝန်ကြီးသည် အဆိုပါရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊



ပြည်သူ အသိပညာပေးခြင်းနှင့် လူငယ်များကို ဗလငါးတန်ပြည့်ဝရေး အသိပညာပေးခြင်း လုပ်ငန်းများ၊ သတင်းမှန်များ အချိန်မီပေးပို့ ထုတ်ပြန်နိုင်ရေး စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်ရုံးတို့မှ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများက ဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် တောင်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး(သန်လျင်) နှင့် ကျောက်တန်းမြို့နယ်ရုံးတို့၏ စာကြည့်တိုက်၊ ပြတိုက်ငယ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသထားမှု၊ ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) တွင် ဆေးကုသမှုခံယူနေသောလူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်

**မုံရွာ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ အမှတ် (၄) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)သို့ ရောက်ရှိကြသည်။

**အားပေးစကားပြောကြား**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်းစီ၏ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားသည်။ ထို့နောက် အာဟာရဖြည့်စွက် စားသောက်ဖွယ်ရာများအား ပေးအပ်ခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကရင်ပြည်နယ်၌ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်း

**ဘားအံ မေ ၁၅**

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် ဓမ္မစကူးကော်မတီတို့ ကြီးမှူးဖွင့်လှစ်သည့် ပထမအကြိမ် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၈ နာရီက ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ ကျင်းပသည်။

သရက်တောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂမ္ဘီရဗောဓိက နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဩဝါဒကထာမိန့်ကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားတင်ပြကာ တာဝန်ရှိသူများနှင့်အတူ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း အကြိမ်(၅၀)မြောက် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါ၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက်မှ ၁၃ ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့တွင် ကျင်းပသည့် အကြိမ်(၅၀)မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံကိုးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ မြန်မာ၊ ဘူတန်၊ မော်လ်ဒိုက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် အလားအလာများ၊ ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူ ကျွမ်းကျင်မှုကော်မတီမှ အကြံပြုတင်ပြချက်များဖြစ်သော နိုင်ငံဖြတ်ကျော်ပေးချေမှုများဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ပိုမိုတိုးတက်လာစေရေး၊ အေစီယူနိုင်ငံများအကြား ပြည်တွင်းသုံးငွေကြေးဖြင့် ပေးချေမှုများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အေစီယူစနစ် ပိုမိုကျယ်ပြန့်အားကောင်းခိုင်မာလာစေရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။




မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ရှေ့ဖုံးမှ

အဆင်ပြေတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းက ပြောသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် နေကြာစိုက်ခင်းဧက ၄၀၀၀ ကျော်အတွက် ရိုးချောင်းများကိုပိတ်၍ ဆည်ရေပို့လွှတ်မှုဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး နွေစပါးအပြင် ဆီထွက်သီးနှံကိုပါ တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

တဘူးလှဆည်ကို ၁၉၉၅ ခုနှစ် မေ ၂၇ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်အတွင်းရှိ လယ်မြေရေိယာဧက ၅၂၀၀၀ အတွက် စိုက်ပျိုးရေများပေးဝေနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့သည်။ ယခုမေလ ပထမပတ်တွင် ဆည်အတွင်း၌ ၁၅ ပေကျော်ရေကျန်ရှိ၍ မိုးရာသီကာလ၌ ၁၉၅ ပေကျော်အထိ ရေဝင်ရောက်လျက်ရှိပြီး ရေထုတ်ပြွန်အလျား ပေ ဖ၀၀ မှ (ဖx၄)ပေ ရေထုတ်ပြွန်သုံးခုဖြင့် ဆည်ရေသောက်ရေိယာ ဧက ၅၂၀၀၀ သို့ ရေပို့လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၉ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် မေ ၁၅**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာစစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီနှစ်ခုမှ SAI B6 Injection အခု ၂၅၈၀၊ SAI B12 Injection အခု ဖ၀ဖ၀၀၊ Paracetamol Tablet ၁၀၈၅ ခု၊ Glucose Injection အခု ၈၁၁၂၀၊ Disposable Syringe အခု ၄၂ဖ၀၊ PAI B6 Injection အခု ၁၄ဖ၄၀၊ Infusion Set ၃၃၂၀၊ မျက်နှာအကာ ၅၀၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေါင်းလောင်းသံတညံညံနဲ့ . . .

**"ခေါင်းလောင်းသံတညံညံနဲ့…ရွာ..ကျောင်းကို..ပြေး..မြင်မိတယ်…သတိရနေတယ်..သူငယ်ချင်းရေ.." အစချီတဲ့ တွံတေးသိန်းတန်ရဲ့ တစ်ခေတ်တစ်ခါက ကျေးလက်ပညာရေးသီချင်းဟာ ကျေးလက်တောရွာတွေသာမက မြို့ကြီးပြကြီးတွေအထိ ကျယ်ပြန့်တာမို့ အခုလို မေလနဲ့ ဇွန်လမှာ မြို့နယ်အလိုက်၊ အခြေခံပညာကျောင်းအလိုက် ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာ ကြားယောင်နေဆဲဖြစ်ပါတယ်။**

**ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)**

၁၉၅၂ ခုနှစ်က ပြည်ထောင်စုတစ်ဝန်း လူမှုဘဝမြင့်မားရေး ပြည်တော်သာရှစ်နှစ်စီမံကိန်း၊ ပညာရေးစီမံကိန်းတစ်ခုထဲက တစ်နိုင်ငံလုံး စာအရေး၊ အဖတ်၊ အတွက်အချက်တတ်ဖို့ကို အားထုတ်ခဲ့ရာမှာ ကျွန်တော်တို့ ရွာကျောင်းက ဆရာတော်ဦးဒီပ၊ မူလတန်းပြဆရာ ဦးညီပုနဲ့ သင်္ချာဆရာ ဦးစံအိ၊ ဦးကြည်တင်တို့ကို ပို၍သတိတရဖြစ်ရပါတယ်။ ဆရာတို့ရဲ့ မှန်၊ ကောင်း၊ သင့်ဆိုတဲ့ အနီခြစ်လေးတွေကိုလည်း မှတ်မိနေကြပါတယ်။ ဆရာတို့ရဲ့ ကျေးဇူးတရားကိုလည်း အောက်မေ့ကြရပါတယ်။ အသက်အားဖြင့် (၆၀) ကျော်၊ (၇၀) ကျော်တို့ဟာ ယနေ့အချိန်အခါမှာ ကိုယ်ပညာရည်နို့သောက်စို့ခဲ့တဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတို့ကို ပြန်လည်သတိရကြသူတွေချည်း ဖြစ်ပါတယ်။ စာသင်ချိန်မစမီ နိုင်ငံတော်သီချင်းပြိုင်တူသီဆို၊ နိုင်ငံတော်အလံကို အလေးပြုခဲ့တာတွေကိုလည်း သတိရလျက် ရှိနေပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း မြန်မာရပ်ရွာတွေမှာ မျက်စိသူငယ် နားသူငယ်နဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆီကို မျက်နှာမမူနိုင် ဖြစ်ခဲ့ကြရပါတယ်။ အဟန့်အတား၊ အခြောက်အလှန့်တွေကြောင့် မူလတန်းပညာကို သင်ခွင့်မရခဲ့တဲ့ ကျောင်းနေအရွယ်ကလေးသူငယ် အရေအတွက်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကြီးမားခဲ့ပါတယ်။ ဂဏန်းမသင် လာဘ်မမြင်သူတွေ၊ စာမတတ် စာမဖတ်နိုင်သူတွေ ပေါ်များခဲ့ရပါတယ်။ အချိန်အခါ အသက်အရွယ်အရ သင်ယူရမယ့်ပညာရေးဟာ တစ်ခါက အဟောသိကံဖြစ်ခဲ့ရတာကို ယနေ့သင်ခန်းစာယူကြရလိမ့်မယ်။

## ရပ်ရွာရဲ့ဥပစာ၊ မြို့ပြရဲ့ဥပစာဟာ ကျောင်း

လူ့အဖွဲ့အစည်း ရပ်ရွာရဲ့ ဥပစာ၊ မြို့ပြရဲ့ ဥပစာဟာ ကျောင်းပဲ။ ပညာရေးစနစ်၊ ပန်းတိုင်နဲ့မျှော်မှန်းချက်တွေ ရှိနေပြီ။ အစီအစဉ်တွေ သင်ကြားပို့ချမယ့်ဆရာတွေရှိနေပြီ။ မြို့မိမြို့ဖ ရွာမိရွာဖတွေကလည်း ကိုယ့်ဒေသရဲ့ဥပစာဟာ ကျောင်းဖြစ်လို့ စောင့်ရှောက်ကြရမယ်။ ပညာသင်ယူလိုသူ ကလေးသူငယ်တွေ ကျောင်းပရဝဏ်မှာ ဆရာတွေရဲ့ သင်ကြားပို့ချမှုရဖို့ ကျောင်းအပ်နှံကြရလိမ့်မယ်။ အစဉ်အလာအရ နိုင်ငံကြီးသားပီသစွာ ကျောင်းအပ်နှံရေးလှုပ်ရှားမှုဟာ မင်္ဂလာဖြစ်ပါတယ်။ နိုင်ငံရဲ့အမြော်အမြင်၊ နိုင်ငံရဲ့ဆန္ဒနဲ့ နိုင်ငံရဲ့တစ်နံတစ်လျားက ပြည်သူတို့ဟာ သူ့နည်းသူ့ဟန်နဲ့ တစ်နိုင်ငံလုံးဟာ နိုးနိုးကြားကြားနဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာတတ်မှ ဝင်ဆံ့နိုင်မယ်။ ရပ်တည်နိုင်မယ်၊ ရှင်သန်ကြီးထွားနိုင်မယ်။ ဒီအတွက် ကျောင်းတွေ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။

ပညာစီးပွားခေတ်မှာ ကျောင်းသားလူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ၂၁ ရာစုမှာ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာ မလိုတော့ပြီ။ ပြည်သူရဲ့ဘဏ္ဍာနဲ့ တည်ထောင်ထားတဲ့ ကျောင်းပေါင်းဟာ ငါးသောင်းနီးပါးရှိနေပါတယ်။ မြန်မာနိုင်ငံမှာ အခုခေတ်လို အခြေခံပညာကျောင်းတွေ ဖွင့်လှစ်နိုင်ခဲ့တာကတော့ ၁၈၁၃ ခုနှစ်က ဖြစ်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်ကစ ကြီးပြင်းလာတဲ့အထိ ပညာသင်ကြားကြတဲ့အခါ

- ❖ သိဖို့ (learning to know)
- ❖ ကျွမ်းကျင်ဖို့ (learning to do and be skillful)
- ❖ ကိုယ်ကျင့်တရားကောင်းဖို့ (learning to be)
- ❖ အတူတကွ နေထိုင်ကြဖို့၊ ခွဲခြားမှုမရှိဖို့ (learning to live peacefully together, with no discrimination) ကိစ္စတွေ ပါဝင်ပါတယ်။ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့နဲ့ ညီညွတ်မျှတစွာ နေတတ်ဖို့ဟာ အလွန်အရေးကြီးလှပါတယ်။

## မြန်မာ့ပညာရေးမျှော်မှန်းချက်

"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းစေရန်" ဖြစ်ပါတယ်။ "မြန်မာ့ပညာရေးမျှော်မှန်းချက်" ကျောက်တိုင်ကို အခြေခံကျောင်းတွေမှာစိုက်ပြီး ပညာရေးယန္တရားကို မောင်းနှင်နေပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွေ မြှင့်တင်မှုတွေအရ ပညာရေးပြက္ခဒိန်မှာ မေလနဲ့ ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်၊ ဇူလိုင်လမှာ ကျောင်းနဲ့ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေးသီတင်းပတ်ရယ်လို့ ပညာရေးအစီအစဉ်တွေရေးဆွဲကာ ဆရာ၊ ကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတော့တယ်။



နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်အထက်တန်းကျောင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။ အောင်(ကြေးမုံ)

ဘာကြောင့်လဲ။ ငယ်စဉ်ကတည်းက ကျောင်းနေအရွယ်ကလေးတွေဟာ စာမေးပွဲရယ်၊ အမှတ်ရယ်၊ ဂုဏ်ထူးရယ် ဒီနောက်ကိုပဲသွားနေခဲ့ကြရတယ်။ ယနေ့ခေတ်အချိန်အခါမှာ ကိုယ့်ကျောင်းပရဝဏ်ထဲကို စနစ်တကျရောက်လာတဲ့ကလေး၊ ကိုယ့်ပရဝဏ်ထဲမှာ ကိုယ့်အရိပ်အာဝါသထဲမှာ ရောက်လာတဲ့ကလေးရဲ့ ဘက်စုံဖွံ့ဖြိုးဖို့ကိစ္စဟာ အမျိုးသားရေးတာဝန်ပဲဖြစ်ပါတယ်။

ပညာရေးပြက္ခဒိန်မှာ ဘာကြောင့် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလနဲ့ဇွန်လအတွင်းသတ်မှတ်ပြီး သိုက်သိုက်ဝန်းဝန်း ဆောင်ရွက်ရလဲဆိုရင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေစေချင်လို့ပါပဲ။ တစ်နိုင်ငံလုံး စာရေးတတ်၊ ဖတ်တတ်၊ ဂဏန်းသင်္ချာတွက်တတ်ဖို့၊ ရောက်လာတဲ့ကလေး ဘက်စုံဖွံ့ဖြိုးဖို့ ဖြစ်ပါတယ်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်က ၉၃ ရာခိုင်နှုန်းကျော် ကလေးသူငယ်တွေဟာ ကျောင်းကိုရောက်ရှိခဲ့ပါတယ်။ ကမ္ဘာမှာ ၉၀ ရာခိုင်နှုန်းကျော်တဲ့တိုင်းပြည် ရှားပါတယ်။ ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ်မှာ ရန်ကုန်တိုင်းဟာ ၉၉ ရာခိုင်နှုန်း ကျောင်းနေတဲ့တိုင်း ဖြစ်လာခဲ့ပါတယ်။ မန္တလေးတိုင်းဟာလည်း ထိုနည်းလည်းကောင်း ကျောင်းနေအရွယ်ကလေး ကျောင်းနေလာတာ ၉၉ ရာခိုင်နှုန်းအထိ ရောက်ခဲ့ပါတယ်။ အာရှတိုက်မှာ ၉၉ ရာခိုင်နှုန်း ကျောင်းနေတဲ့မြို့တော်တွေဟာ ဆိုးလ်နဲ့တိုကျိုမြို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ရန်ကုန်နဲ့မန္တလေးမြို့တော်တွေမှာ ၉၉ ရာခိုင်နှုန်း ကျောင်းနေလာတာဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေ၊ စေတနာရှင်တွေက ကလေးတွေရဲ့ အနာဂတ်အရေးမြော်တွေးပြီး ဝိုင်းဝန်းကူညီစောင့်ရှောက်ခဲ့လို့ပဲ ဖြစ်ပါတယ်။

## ဘက်စုံဖွံ့ဖြိုးရေးပညာ

အခုလည်းပဲ အခြေခံကျလှတဲ့ ဒီကျောင်းအပ်နှံရေးလုပ်ငန်းစဉ်ကြီးအပေါ်မှာ အိမ်တိုင်းစေ့ လွှမ်းခြုံပါဝင်လာတဲ့အထိ ကျောင်းနေရေးကော်မတီ၊ ဌာနဆိုင်ရာတွေ၊ ပညာရေး၊ စီးပွားရေးစေတနာရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ မိဘပြည်သူအပေါင်းဟာ လုံးဝသက်ဝင်ယုံကြည်ပြီး ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အုပ်ထိန်းသူကဖြစ်စေ၊ မိဘကဖြစ်စေ သူ့ကလေးပညာရေးအတွက် ကလေးကို ကျောင်းလာအပ်တယ်ဆိုရင်ပဲ ရပ်ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတယ်။

ကလေးဟာကလေးလို ပျော်ပျော်ပါးပါးနဲ့ စာသင်ခန်းထဲမှာ စာသင်နိုင်ဖို့၊ ပညာပြီးဆုံးအောင်သင်ယူနိုင်ဖို့ပဲဖြစ်ပါတယ်။ ဉာဏ်နဲ့ယှဉ်ပြီး အဟန့်အတားစိန်ခေါ်မှုကို ရင်ဆိုင်နိုင်၊ ကျော်လွှားနိုင်ဖို့ စွန့်စားကြရလိမ့်မယ်။ မစွန့်စားရင် မစားရဘူးလို့ ဆိုသလိုပါပဲ။ မြန်မာ့တံခါးကိုဖွင့်၊ ကမ္ဘာကိုကြည့်ကာ ဒီနေ့လှုပ်ရှားရမယ့်ကိစ္စဟာ နိုင်ငံသားတိုင်း၊ အရွယ်ရောက်သူကလေးတိုင်းဟာ ခေါင်းလောင်းသံတညံညံနဲ့ ကျောင်းတက်ဖို့ပဲဖြစ်ပါတယ်။

တကယ်တော့ ဒီလှုပ်ရှားမှုကြီးဟာ အလံကိုင်ချီတက်ရမယ့် ကိစ္စကြီးပဲဖြစ်ပါတယ်။ ဒီကြိုးစားမှုကြောင့် ဖြစ်ထွန်းလာမယ့် ကျောင်းနေအရွယ်ကလေးတွေ ရာနှုန်းပြည့်နီးပါး ကျောင်းနေကာ စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်တဲ့ပညာဟာ ဗလငါးတန်အထိ ရှေးရှုနိုင်တာမို့ တန်ဖိုးကြီးလှပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်ဟာ လင်းလာပါလိမ့်မယ်။ ဘာကြောင့်လဲ။ ပညာရေးမှာ အခြေခံအကျဆုံးဖြစ်တဲ့ ကျောင်းနေရမယ့် ကလေးတွေ ကျောင်းနေကြလို့ပဲ ဖြစ်ပါတယ်။

လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းနိုင်ဖို့ စွမ်းဆောင်တဲ့နေရာဟာ ရပ်ရွာဒေသက ကျောင်းပဲ။ ကျောင်းဟာ အလွန်အရေးကြီးတဲ့ ယန္တရား၊ ကိရိယာတန်ဆာပလာဖြစ်ပါတယ်။ ကျောင်းဟာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်တယ်။ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ဖြဟ္မစိုရ်တရားထွန်းကားအောင် လုပ်ပေးတယ်။ စိတ်ဓာတ်ရေးရာ ပြုပြင်ပေးတယ်။ လူ့ဘဝနဲ့လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ **စာသင်ကျောင်းတွေက အစပြုလိုက်တဲ့ လောကနီတိကျင့်ဝတ်တွေကသာ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထား လေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းတွေကို မွေးထုတ်ပေးရာ ရောက်ပါတယ်။**

လေးစားခြင်း (Respect) ဆိုရာမှာ မိမိ၊ အခြားသူတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အသိုင်းအဝိုင်းတို့ကို ဆိုလိုပါတယ်။

၁။ မိမိကိုယ်ကို လေးစားခြင်းဆိုတာ -
- မကြာခဏ ကိုယ်စိတ်လေ့ကျင့်ခန်းလုပ်ရမယ်။
- ဒေါသကို ထိန်းနိုင်ရမယ်။
- အန္တရာယ်ဖြစ်စေနိုင်ခြေရှိသည်တို့ကို လျှော့ချနိုင်ရမယ်။
- အမှားမှ သင်ခန်းစာယူသင်ယူရမယ်။
- အပေါင်းလက္ခဏာ အကောင်းမြင်ဝါဒရှိရမယ်။
- စည်းကမ်းဥပဒေကို လေးစားလိုက်နာရပါမယ်။
- ရိုးသားရပါမယ်။

၂။ အခြားသူကို လေးစားရမယ်ဆိုတာ -
- ကိုယ်နှုတ် ယဉ်ကျေးသိမ်မွေ့ရမယ်။
- အကူအညီပေးနိုင်သမျှ ပေးရမယ်။
- အများအကျိုး သယ်ပိုးကြရမယ်။
- မျှဝေတတ်ရမယ်။
- လိုအပ်သူတို့ကို ကူညီထောက်ပံ့ရတယ်။
- ချီးမွမ်းထောမနာပြုရမယ်။ သည်းခံနိုင်စွမ်းရှိရမယ်။

၃။ သဘာဝပတ်ဝန်းကျင်ကို လေးစားခြင်းဆိုတာ-
- မိမိရဲ့ အိမ်ရာအဝန်းအဝိုင်းမှာ သန့်ရှင်းမှုရှိစေရမယ်။
- တစ်ကျော့ပြန်သုံး၊ ပြန်သုံး လျှော့သုံး ပြုလုပ်နိုင်ရမယ်။

**စာမျက်နှာ ၇ သို့ ■**

■ **စာမျက်နှာ ၆ မှ**

- လျှပ်စစ်နဲ့ ရေကို ချွေတာသုံးစွဲရမယ်။
- ရုက္ခသတ္တလောကကိုစောင့်ရှောက်ရတယ်၊ ညှဉ်းဆဲမှုမပြုရ။

၄။ လူ့အသိုင်းအဝိုင်းကိုလေးစားရမယ်ဆိုတာ -

- ကိုယ်နှုတ်အမူအရာ ကောင်းရပါမယ်။
- တာဝန်ရှိသူတို့ကို လေးစားရပါမယ်။
- အသင်းအဖွဲ့ပုံစံလုပ်ရမယ်။
- ကြင်နာမှုပြ၊ ကြင်နာမှုပြုရမယ်။
- အသုံးတည့်၊ အကျိုးပြုသူဖြစ်ရပါမယ်။
- ကာကွယ်စောင့်ရှောက်သူဖြစ်ရပါမယ်။

ဒီအစီအစဉ်တွေ လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ ပညာရေးဟာ အခြေခံမူလတန်းပဲဖြစ်ဖြစ်၊ တက္ကသိုလ်ပညာပဲဖြစ်ဖြစ် နိုင်ငံနဲ့ လူမျိုးရဲ့ အသက်ဝိညာဉ်ဖြစ်တယ်ဆိုတာ ဘယ်သူမဆိုသိဖို့ပဲ လိုပါတယ်။ ကျောင်းတက်ဖို့တွေဝေနေခြင်း၊ အခြားတစ်ပါးသူတို့ရဲ့ နှာခေါင်းနဲ့ အသက်ရှူရမယ့်ဘဝက လွတ်ကင်းဖို့ဆိုရင် မိဘတွေရဲ့ သွန်သင်ဆုံးမမှု၊ ဆရာကောင်းသမားကောင်းတို့ရဲ့ အကြံဉာဏ် လမ်းညွှန်မှုကို ကိုယ်တိုင်ယူကြရင် လမ်းမှန်စရာအကြောင်းသာ ရှိပါတယ်။

ကျောင်းတွေက မဖွံ့ဖြိုးသေးတဲ့ဒေသ ဖွံ့ဖြိုးအောင်လုပ်ပေးနိုင်ပါတယ်။ ဖွံ့ဖြိုးဖို့လိုတယ်ဆိုရာမှာ စည်းကမ်းကောင်းမွန်ရေး၊ တရားဥပဒေလိုက်နာရေး၊ သိပ္ပံနည်းကျတွေးခေါ်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေမီးပေါကြွယ်ဝရေးအထိ အကျုံးဝင်ပါတယ်။ တီထွင်ဖန်တီးမှုမလုပ်နိုင်တဲ့တိုင် ဆိုးသွမ်းလူငယ်တွေ မဖြစ်ဘဲ စိတ်ထားကောင်းတဲ့လူ၊ စည်းကမ်းကောင်းမွန်တဲ့ လူငယ်တွေအဖြစ် ပေါက်ဖွားလာပြီဆိုရင်ကိုပဲ ဝမ်းသာကျေနပ်စရာကောင်းတဲ့ ရလဒ်တစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာရှိနေတဲ့ကျောင်းက ဆရာဟာ မိမိရောက်နေတဲ့ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်တဲ့အထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့ အတွေးအခေါ်အယူအဆတွေ ပြောင်းလဲကောင်းပြောင်းလဲပါမယ်။ နည်းစနစ်တွေပြောင်းလဲကောင်း ပြောင်းလဲမယ်။ ကျွမ်းကျင်မှုအတတ်ပညာတွေ မြှင့်တင်ရတာ ရှိကောင်းရှိမယ်။ ဘယ်လိုပဲဖြစ်စေ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။ ဒီတော့ ဆရာဟာ အလွန်အားထုတ်ပေးရမယ့် နေရာမှာ ရောက်ရှိနေပါတယ်။

ယနေ့ခေတ်အချိန်အခါမှာ ဆရာရဲ့ပညာအရည်အသွေး သဘောထားအမြော်အမြင်မြင့်မားမှုဟာ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ ကုန်ပစ္စည်းသဘောနဲ့ကြည့်ရင် ကျောင်းကထုတ်တဲ့ ထွက်ကုန်တွေဟာ လူငယ်လူရွယ် အဖိုးတန်ထွက်ကုန်တွေပဲ ဖြစ်စေရပါမယ်။ ထူးချွန်ပြောင်မြောက်တဲ့၊ တီထွင်ကြံဆနိုင်တဲ့လူ မဖြစ်လင့်ကစား စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆိုးသွမ်းလူငယ်တွေမဖြစ်ဘဲ စည်းကမ်းရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရပါမယ်။ ပို့ချသူဆရာ ဆရာမတွေဟာလည်း ဘယ်အဆင့်မှာပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟု သဘောမထားတော့ဘဲ လူ့အဖွဲ့အစည်းရဲ့ အရေးကိစ္စဖြစ်တဲ့အတွက် ဆရာ ဆရာမအပေါင်းနဲ့ ဒေသတွင်းက ကျောင်းသားအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူတွေဖြစ်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

**စဉ်းစားစရာတွေ**

ယနေ့ခေတ်အချိန်အခါမှာ အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းဆိုတော့ တိုင်းပြည်ရဲ့ သုံးပုံနှစ်ပုံဟာ အလယ်တန်းပညာကိုပင် လက်လှမ်းမမီလေရှော့သလား၊ လက်လှမ်းမီပါလျက် လမ်းလွဲသွားနေသလော စဉ်းစားစရာဖြစ်နေပါတယ်။ ဘယ်လိုပဲဆိုစေ ဒီကိန်းဂဏန်းတွေဟာ စိတ်ချောက်ချားဖွယ်ဖြစ်နေပါတယ်။ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ "သမင်မွေးရင်း ကျားစားရင်း" မဖြစ်ဖို့ အမြော်အမြင်ရှိကြရလိမ့်မယ်။

ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ အလယ်တန်းပညာ ပြီးဆုံးရေးဟာ နိုင်ငံရဲ့အုတ်မြစ်၊ လူထုရဲ့ကိစ္စ၊ ပညာရေးရဲ့ကိစ္စဖြစ်တယ်လို့ ပြောရခြင်းဖြစ်တယ်။ လူထုကိစ္စဖြစ်တယ်။ ကျောင်းနေဖို့ အခွင့်အလမ်း မရစရာမရှိ၊ သားကောင်း၊ သမီးကောင်း ရတနာတွေဖြစ်ကာ နှစ် ၃၀ စီမံကိန်းမှာ တစ်ဆင့်ပြီးတစ်ဆင့် မသင်မနေရ အလယ်တန်းနဲ့ မသင်မနေရ အထက်တန်းအထိ မျှော်မှန်းချက်ဟာ ယနေ့အထိရှိနေပါတယ်။ အခြေခံအကျဆုံး ကလေးတစ်ယောက်ရဲ့အခွင့်အရေးဟာ ကျောင်းနေရမယ့်အရွယ်ရောက်လာရင် ကျောင်းတက်နိုင်ဖို့ပဲ။ ဒါဟာ အခြေခံအကျဆုံး ကလေးတစ်ယောက်ရဲ့ အခွင့်အရေးပါပဲ။ ကျောင်းမတက်ရအောင် ဟန့်တားပိတ်ပင်မှုတွေရှိရင် ကလေးတစ်ယောက်ရဲ့ အခွင့်အရေးဖောက်ဖျက်သူ ဖြစ်သွားပါမယ်။ ကလေးတစ်ယောက်ရဲ့ မူလအခွင့်အရေး ဆုံးရှုံးသွားတာပဲဖြစ်ပါတယ်။ မသင်မနေရ အထက်တန်းပြီးဆုံးသည်အထိ ကျောင်းနေရေးလုပ်ငန်းကြီးကို ပြည်သူတစ်ရပ်လုံးဟာ မမေ့မလျော့အားထုတ်ခြင်းဖြင့် အခြေခံပညာ အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းထက်ကျော်လာမှာ ဖြစ်ပါတယ်။

၂၁ ရာစုထဲဝင်လာသည့်တိုင် မြန်မာနိုင်ငံရဲ့ တက္ကသိုလ်ဝင်တန်းအောင်မြင်သူဟာ ပျမ်းမျှ ၃၀ ရာခိုင်နှုန်းသာရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ကျန် ၇၀ ရာခိုင်နှုန်းဟာ အဆင့်မြင့်ပညာကို လက်လှမ်းမမီသလော၊ လမ်းလွဲနေသလောဆိုတဲ့ အဓိပ္ပာယ်ပေါ်နေပါတယ်။ မြင့်မားတဲ့ နည်းပညာရဖို့ ၃၀ ရာခိုင်နှုန်းအပေါ်မှာ အားထားနေရတဲ့သဘော ဖြစ်နေပါတယ်။

၁၉၉၅ - ၉၆ ခုနှစ်လောက်က ထိုင်းဘုရင်မင်းမြတ်ဟာ ထိုင်းတောင်သူလယ်သမားတွေရဲ့ ပညာရေးအဆင့်အတန်းကို ဖော်ထုတ်စေတဲ့အခါ ပျမ်းမျှမူလတန်းအဆင့်သာရှိကြောင်းသိတော့ စိုက်ပျိုးရေးစွမ်းအားစု တောင်သူလယ်သမားတွေရဲ့ ပညာရေးကို မြှင့်တင်ပေးခဲ့ပါတယ်။

သယံဇာတမရှိတဲ့ စင်ကာပူနိုင်ငံနဲ့ တရုတ်(တိုင်ပေ)ဒေသတို့ဟာ လွန်ခဲ့တဲ့ နှစ် ၇၀ - ၈၀ က ဆင်းရဲခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ တရုတ်(တိုင်ပေ)ဒေသဟာ တက္ကသိုလ်ဝင်ခွင့်ကို ပြင်းပြင်းထန်ထန် တင်းကျပ်ခဲ့ပါတယ်။ စာတတ်မြောက်ရေးထက် တစ်ဆင့်တက်ပြီး သိပ္ပံပညာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ စက်ရုံတွေကြီးထွားလာခဲ့ပါတယ်။

ဥရောပ၊ အမေရိကန်၊ ဂျပန်လူမျိုးတို့ဟာ ကျောင်းတက်ပညာသင်တာ စဉ်းစားဆင်ခြင်နိုင်ဖို့၊ အမြော်အမြင်ရှိဖို့၊ ကျွမ်းကျင်မှု အဖုံဖုံရှိဖို့၊ ဥရောပတစ်ခွင်မှာ လက်တွေ့ပါတဲ့ အခြေခံသိပ္ပံ (Basic Science) ကို အခြေချနိုင်ခဲ့ကြောင်း၊ ၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ကိစ္စမှာ အခြေခံသိပ္ပံပညာတွေဟာ အကြောင်းတရားပဲဖြစ်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူဦးရေ သန်းထောင်ကျော်ရှိပါတယ်။ အဆင့်မြင့်နည်းပညာကျွမ်းကျင်သူ သန်း ၂၀ ကျော် မွေးထုတ်ခဲ့ပါတယ်။ ဒီအင်အားစုနဲ့ လူမှုရေး၊ ပညာရေး၊ စီးပွားဖွံ့ဖြိုးရေး တိုးတက်ရာတိုးတက်ကြောင်း မောင်းနှင်နိုင်တာကို တွေ့ရပါတယ်။ ဒီအင်အားစု သန်း ၂၀ ကျော်ဟာ အရှေ့တောင်အာရှကို လွှမ်းလာတာ တွေ့ရပါတယ်။ အမေရိကန်လူဦးရေရဲ့ ခြောက်ပုံတစ်ပုံသာရှိတဲ့ တောင်ကိုရီးယားနိုင်ငံဟာ အမေရိကန်အင်ဂျင်နီယာတွေ မွေးထုတ်ပေးသလောက် အရည်အချင်းပြည့် အင်ဂျင်နီယာတွေ မွေးထုတ်ပြီး ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ရပ်တည်နေတာ တွေ့မြင်ရပါတယ်။

တရုတ်က လေးဆ၊ အိန္ဒိယက ငါးဆ မွေးထုတ်နေတာ တွေ့မြင်ရပါတယ်။ ဂျပန်နိုင်ငံကတော့ ပြောဖွယ်ရာမလိုတော့ပြီ။ မြန်မာနိုင်ငံလူဦးရေထက်များတဲ့ ၆၇ သန်းသော အဆင့်မြင့်နည်းပညာ ကျွမ်းကျင်သူအပေါင်းနဲ့ ကမ္ဘာရဲ့နယ်ပယ်အသီးသီးမှာ ထဲထဲဝင်ဝင် ပါဝင်နိုင်တာကိုတွေ့ရတော့ ကိုယ့်နိုင်ငံအတွက် အားမရသလို ခံစားရပါတယ်။ ဒီကိစ္စတွေဟာလည်း "တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့" ဆိုသလို နေ့စဉ် လစဉ် နှစ်စဉ် အားထုတ်ရမှာဖြစ်ပါတယ်။ မြန်မာတွေ အဆင့်မြင့်နည်းပညာတတ်ကျွမ်းဖို့၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖို့ အားထုတ်ကြရလိမ့်မယ်။ ယှဉ်ပြိုင်မှုကြီးမားတဲ့ ၂၁ ရာစုခေတ်မှာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်ရှားပါးခြင်း၊ စီမံခန့်ခွဲကြီးကြပ်မှုစွမ်းရည်မှာ အကန့်အသတ်ရှိနေခြင်း၊ ရုံးအဖွဲ့အစည်းတွေမှာပင် စီမံခန့်ခွဲနိုင်စွမ်းအားနည်းနေခြင်းကို တွေ့နေရပါတယ်။

ကောင်းပါပြီ။ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

❖ ပညာစီးပွားခေတ်မှာ ကျောင်းသားလူငယ်တွေ စာမသင်၊ ပညာမသင်လို့ကတော့ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဆိုတာ ပြောဖွယ်ရာ မလိုတော့ပြီ။

❖ ပညာရေးဟာ သူငယ်တန်း မူလတန်းကအစ တက္ကသိုလ်အဆင့်အထိ လူ့အဖွဲ့အစည်းရဲ့ အရေးကိစ္စဖြစ်တဲ့အတွက် ပညာရေးကို အားပေးအားမြှောက်ပြုရပါမယ်။

မေလကုန် ဇွန်လဆန်းထဲမှာ တစ်နိုင်ငံလုံး အခြေခံကျောင်းပေါင်းလေးသောင်းကျော်မှာ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှုကြီးဟာ အလံကိုင်ချီတက်လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ သောင်းသောင်းဖြဖြ ကျောင်းအပ်နှံရေးရက်သတ္တပတ်ဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း မေတ္တာဖြင့်ရေးသားအပ်ပါတယ်။ ။

> **လူ့အဖွဲ့အစည်း ရပ်ရွာရဲ့ ဥပစာ၊ မြို့ပြရဲ့ ဥပစာဟာ ကျောင်းပဲ။ ပညာရေးစနစ်၊ ပန်းတိုင်နဲ့မျှော်မှန်းချက်တွေ ရှိနေပြီ။ အစီအစဉ်တွေ သင်ကြားပို့ချမယ့်ဆရာတွေရှိနေပြီ။ မြို့မိမြို့ဖ ရွာမိရွာဖတွေကလည်း ကိုယ့်ဒေသရဲ့ဥပစာဟာ ကျောင်းဖြစ်လို့ စောင့်ရှောက်ကြရမယ်။ ပညာသင်ယူလိုသူ ကလေးသူငယ်တွေ ကျောင်းပရဝဏ်မှာ ဆရာတွေရဲ့ သင်ကြားပို့ချမှုရဖို့ ကျောင်းအပ်နှံကြရလိမ့်မယ်။ အစဉ်အလာအရ နိုင်ငံကြီးသားပီသစွာ ကျောင်းအပ်နှံရေး လှုပ်ရှားမှုဟာ မင်္ဂလာဖြစ်ပါတယ်။ နိုင်ငံရဲ့အမြော်အမြင်၊ နိုင်ငံရဲ့ဆန္ဒနဲ့ နိုင်ငံရဲ့တစ်နံတစ်လျားက ပြည်သူတို့ဟာ သူ့နည်းသူ့ဟန်နဲ့ တစ်နိုင်ငံလုံးဟာ နိုးနိုးကြားကြားနဲ့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာတတ်မှ ဝင်ဆံ့နိုင်မယ်။ ရပ်တည်နိုင်မယ်၊ ရှင်သန်ကြီးထွားနိုင်မယ်။ ဒီအတွက် ကျောင်းတွေ ဖွင့်လှစ်ထားတာဖြစ်**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၂ -၂၀၂၃ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။

❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။

❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။

❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်တတ်ရန်၊ လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောတတ်ရန် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ ကိုဗစ်-၁၉ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ် ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။

❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။

❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးများသို့ ဆက်လက်တက်ရောက်

**နေပြည်တော် မေ ၁၅**

(၁၅)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့ကို မေ ၁၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ CONRAD HOTEL BALI ၌ ဆက်လက်ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့သည်။

**အတွေ့အကြုံများ မျှဝေ**

အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်း ပထမပိုင်းအစီအစဉ်အဖြစ် ပထမအကြိမ် အာဆီယံ-ကိုရီးယား ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို "လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစနစ်ဖြစ်ထွန်းရေး ကျန်းမာရေးစနစ် တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်ရေး" "Strengthening Health System for Sustainable Universal Health Coverage and Health Security for Resilient Health Systems" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆွေးနွေးပြောကြားရာတွင် ခိုင်မာသော ကျန်းမာရေးစနစ်သည် နိုင်ငံတိုင်းအတွက် အရေးကြီးကြောင်း၊ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုများ ရယူရာတွင် ကိုယ်ပိုင်ငွေကြေး စိုက်ထုတ်ကုသရခြင်းများကို လျှော့ချနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ICT နည်းပညာ အသုံးပြု၍ လူတိုင်း လက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစနစ် (Universal Health Coverage)ရရှိစေရေး အချိန်တိုဆောင်ရွက်နိုင်ခဲ့သော ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံများအား အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ မျှဝေမည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါ နိုင်ငံများအချင်းချင်း အတွေ့အကြုံများကို မျှဝေခြင်းအားဖြင့် အာဆီယံ၏ Caring and sharing community နှင့် ညီညွတ်မည်ဖြစ်ကြောင်း ပြောကြား၍ ပထမအကြိမ် အာဆီယံ-ကိုရီးယား ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခြင်းကို ဆောင်ရွက်ခဲ့သည်။



ဆက်လက်၍ ဒုတိယနေ့ နံနက်ပိုင်း ဒုတိယပိုင်းအစီအစဉ်အဖြစ် (၉)ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို "ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးအရင်းအမြစ်များ ကောင်းမွန်စွာ အသုံးချနိုင်ရေး" "Optimizing the Mobilization of Essential Health Resources in responding to Public Health Crisis" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆွေးနွေးပြောကြားရာတွင် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများသည် မကြာခဏဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှု အရင်းအမြစ်များဖြစ်သည့် ကျန်းမာရေးလူ့စွမ်းအားများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ ကျန်းမာရေးဘတ်ဂျက်များ လုံလောက်မှုမရှိခြင်း အစရှိသည့် အခက်အခဲများစွာ ကြုံတွေ့ရကြောင်း၊ အဆိုပါအခြေအနေများတွင် အကန့်အသတ်ရှိသည့် ကျန်းမာရေးအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့် သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် ဆက်စပ်ကဏ္ဍအသီးသီး၏ စုပေါင်းအင်အားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်နိုင်ရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါများ တုံ့ပြန်ဆောင်ရွက်ရာတွင် ကူးစက်ရောဂါများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးအရင်းအမြစ်များ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့မှာ အရေးကြီးကြောင်း၊ ပြည်သူများ ကျန်းမာရေးအဆင့်အတန်း မြင့်တင်ရေးအတွက် အနာဂတ်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ထိရောက်စွာ အသုံးပြု၍ ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ (၉)ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ လက်ထောက်အတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးအားကစားနည်းမှ ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူးရရှိ

**ဗီယက်နမ် မေ ၁၅**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝူရှူးအားကစားနည်း Nangun (နန်းကွန့်) တုတ်ရှည်ပြိုင်ပွဲ၌ မောင်သိန်းသန်းဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် စတုတ္ထမြောက် ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ထပ်မံဆွတ်ခူးရရှိခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ရွှေတံဆိပ်ဆုရှင် မောင်သိန်းသန်းဦးအား ဂုဏ်ပြုချီးမြှင့်ငွေ US $ 3000 ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကိုယ်စားပေးအပ်ချီးမြှင့်သည်။



ဝူရှူးအားကစားနည်း Nangun (နန်းကွန့်) တုတ်ရှည်ပြိုင်ပွဲ၌ မောင်သိန်းသန်းဦး ယှဉ်ပြိုင်စဉ်။

ဆက်လက်ပြီး မွန်းလွဲပိုင်းပွဲစဉ်များအဖြစ် ဝူရှူး(ဆန်းဆို) ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ 60 kg ပြိုင်ပွဲတွင် မစုလှိုင်ဝင်းက ငွေတံဆိပ်တစ်ခု၊ 52 kg ပြိုင်ပွဲတွင် မချယ်ရီသန်းနှင့် 70 kg ပြိုင်ပွဲတွင် မောင်မျိုးမင်းထက်တို့က ကြေးတံဆိပ်တစ်ခုစီကို လည်းကောင်း ဆုများ အသီးသီးရရှိခဲ့ကြသည်။

**တက်ရောက်**

ထို့နောက် ညနေပိုင်းတွင် Phu Tho မြို့ရှိ Viet Tri ဘောလုံးအားကစားကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း၊ Cam Pha ဘောလုံး အားကစားကွင်း၌ အမျိုးသမီးဘောလုံး အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။




ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ မြားပစ်၊ ဘိလိယက်၊ စစ်တုရင်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီးရိုက်၊ ဘော်လီဘော၊ ဝူရှူးနှင့် ကာယဗလကာယ အလှ အားကစားပြိုင်ပွဲများကို ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်ကစားကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အုပ်ချုပ်/နည်းပြများ၊ မြန်မာအားကစားအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ယနေ့အထိ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် ကိုးခုတို့ကို ဆွတ်ခူးရရှိထားပြီး စုစုပေါင်း ဆုတံဆိပ် ၁၈ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှု အဆင့် (၇)တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၁၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၁၉ နှစ်နှင့်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၁၉ နှစ်နှင့်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းတွင် ကျင်းပသည်။

### ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် အရှေ့ပိုင်းခရိုင်အသင်းနှင့် အနောက်ပိုင်းခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ ပြိုင်ပွဲတွင် အရှေ့ပိုင်းခရိုင်အသင်းက အနောက်ပိုင်းခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော အရှေ့ပိုင်းခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆု ၁၆ သိန်းနှင့် တံခွန်စိုက်ဆုတို့ကို တိုင်းဒေကြီးဝန်ကြီးချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိသော အနောက်ပိုင်းခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု ၁၀ သိန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးက လည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆု၊ အကောင်းဆုံး နောက်တန်းကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)







# ဒေါပုံမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဒေါပုံမြို့နယ် ယမုံနာလမ်းရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။

အဆောက်အအုံသစ်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံး ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို အဆိုပါရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေါင်းဝေနွယ် ဆောက်လုပ်ရေး ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ကျော့ဗိုလ်နောင်က အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာတာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့ထံ ဒေါပုံမြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပစ္စည်းနှင့် အလံငယ်များကို ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက အဆောက်အအုံသစ် အတွင်း လှည့်လည်ကြည့်ရှုသည်။

ယနေ့ ဖွင့်လှစ်သည့် ဒေါပုံမြို့နယ်တရားရုံး၊ ပင်မအဆောက်အအုံသစ်မှာ အနံ ပေ ၆၀၊ အလျား ၁၃၁ ပေ ၆ လက်မ အကျယ်အဝန်းရှိ မြေအောက်ကားရပ်နားသည့်နေရာအပါအဝင် သံကူကွန်ကရစ် အမျိုးအစား လေးထပ်အဆောက်အအုံဖြစ်ပြီး တရားရုံးအသုံးပြုသူများအနေဖြင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဦးမြို့၌ သျှစ်သောင်း၊ ထုက္ကံသိမ်၊ အံတော်သိမ် ဘုရားများ၏ (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ပြိုင်လောင်း (လှေလှော်)ပြိုင်ပွဲ ကျင်းပ

မြောက်ဦး မေ ၁၅

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦး ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရခိုင်ရှေးဟောင်းသမိုင်းဝင် အထင်ကရ ဘုရားစေတီ၊ ပုထိုးများဖြစ်သော သျှစ်သောင်း၊ ထုက္ကံသိမ်၊ အံတော်သိမ် ဘုရားများ၏ (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ရခိုင်ရိုးရာပြိုင်လောင်း(လှေလှော်) ပြိုင်ပွဲကို နံနက် ၁၁ နာရီက အောင်တပ်ချောင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ရခိုင်ရိုးရာပြိုင်လောင်း(လှေလှော်)ပြိုင်ပွဲတွင် ၁၂ လံ လှေလှော်အသင်းများဖြစ်သော ဆူရစ်ချောင်းရွာ၊ ကင်းဆိတ်ရွာနှင့် ပန်းဖဲတန်းရွာ စသောအသင်းဝင် ၁၂ သင်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၁၂ လံ လှေလှော်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၂၅ သိန်း၊ ဒုတိယဆု ကျပ် ၂၃ သိန်း၊ ရှစ်လံလှေလှော်အသင်းများဖြစ်သော ဘောင်းဒွတ်ရွာ၊ ပြောင်းပြာရွာ၊ ပွိုန်တိုးရွာ စသော အသင်းဝင် လေးသင်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရှစ်လံလှေလှော်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၂၂ သိန်း၊ ဒုတိယဆု ကျပ်သိန်း ၂၀ နှင့် ခြောက်လံ လှေလှော်အသင်းများဖြစ်သော ဒိုင်းကျီ၊ လက်ကျာရွာ၊ ပျားတဲရွာ စသော အသင်းဝင် လေးသင်းတို့ကို ခြောက်လံ လှေလှော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်၍ ပထမဆု ကျပ်သိန်း ၂၀၊ ဒုတိယဆု ကျပ် ၁၈ သိန်း အနိုင်ရရှိသောအသင်းများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ (၉၄)ကြိမ်မြောက် သျှစ်သောင်း၊ ထုက္ကံသိမ်၊ အံတော်သိမ် ဘုရားများ၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် အောင်တပ်ချောင်း၌ ရခိုင်ပြည်နယ်အနှံ့မှ ပြည်သူများလာရောက်၍ ရေပေါ်သင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲကြပြီး ရခိုင်အဆိုတော်များဖြစ်သော ဒိုးအ်ရီ၊ ညီမင်းခိုင်၊ ရိုက်လက်၊ ရီလှိုင်းပြာ၊ စောနှင်းနွယ်၊ မိုးစန္ဒာ စသော အဆိုတော်များစွာဖြင့် ရေပေါ် Show ပွဲတွင် သီဆိုဖျော်ဖြေခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြင့်စိုး(ပြန်/ဆက်)

# စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်း(အမျိုးသမီး) အမှတ်စဉ် (၁/၂၀၂၂)သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(လားရှိုး)တွင် စခန်းအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်း(အမျိုးသမီး) အမှတ်စဉ် (၁/၂၀၂၂)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ မိဘဆွေမျိုးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းအမှာစကားနှင့် ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက စခန်းအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဆင်းလက်မှတ်များ၊ ရှေးဦးသူနာပြုစုနည်းလက်မှတ်များနှင့် သက်မွေးထူးချွန်ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်တန်းသူများ၏ ကိုယ်ကာယလေ့ကျင့်ခန်းသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ယနေ့အထိ သင်တန်းသူ ၂၁ ဦးဖြင့် သင်တန်းကာလ သုံးလကြာဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရွှေပြည်တော်မျှော်တိုင်းမဝေးဖို့ သမိုင်းပေးပြည်ထောင်စုစိတ်ဓာတ်များဖြင့် တည်ဆောက်ရမည့် အနာဂတ်နိုင်ငံတော်

**နွေကုံကော်(မြို့လှ)**

လာမည့် ၂၀၂၃ ခုနှစ်တွင် ကျွန်ုပ်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စိန်ရတုလွတ်လပ်ရေးကာလကို ရောက်ရှိပေတော့မည်။ တကယ်တော့ (၇၅)နှစ် စိန်ရတုတည်းဟူသောကာလတစ်ခုသည် နည်းလှသော သက်တမ်းတစ်ခုတော့ မဟုတ်ပေ။ နယ်ချဲ့တို့အုပ်စိုးမှုအောက်၌ နေခဲ့ရစဉ် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်းကိုယ်နှင့် စိတ်တို့ ထွက်ပေါက်မရသည်အထိ တိုင်းရင်းသားပြည်သူများ မွန်းကျပ်ခဲ့ရသည်။ ကိုယ့်မြေကိုယ့်ရေပေါ်မှာနေပါလျက် အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲခြင်းမျိုးစုံဖြင့် ဆင်းရဲမှုအပေါင်း သရဖူဆောင်းသည်အထိ ဖြစ်ခဲ့ရသည်။ ထိုဆင်းရဲမှုမျိုးစုံမှ လွတ်ကင်းရန်အတွက် လွတ်လပ်ရေးကြီးပြန်လည်ရရှိအောင် တက်ကုန်ရွက်စုံလွှင့်ပြီး နည်းလမ်းရှာဖွေကြိုးစားခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှများအနေဖြင့် လွတ်လပ်ရေးပေးချိန်တွင်လည်း တောင်တန်းနှင့် ပြည်မ ခွဲခြားပေးလိုခဲ့ကြ၏။ သို့သော် တောင်တန်းဒေသမှ စော်ဘွားများက လက်မခံခဲ့ကြပေ။ ပေးဆပ်မှုများနှင့် ထိုက်တန်စွာ လွတ်လပ်ရေးကြီး ပြန်လည်ရရှိခဲ့သော်လည်း နယ်ချဲ့တို့၏ စနစ်ကျ ကျယုတ်မာမှုလှည့်ကွက်အောက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခြင်းဟူသော ချိန်ကိုက်ဗုံးကြီးကကျန်ရစ်ခဲ့ရသည်။ အထူးသဖြင့် တောင်တန်း ပြည်မခွဲခြားဆက်ဆံမှုကို ရေရှည်ခိုင်မြဲအောင် အသက်သွင်းပေးခဲ့ခြင်းပင်ဖြစ်၏။

**သီးခြားအုပ်ချုပ်ခဲ့**

နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် ရှမ်းစော်ဘွားပိုင်နယ်ပေါင်း ၃၂ နယ်ကို ပဒေသရာဇ် ရှမ်းပြည်နယ်ဟုခေါ်တွင်စေလျက် ပြည်မအစိုးရအုပ်ချုပ်မှုအောက်တွင်မထားဘဲ ဘုရင်ခံက ကော်မရှင်နာမင်းကြီးမှတစ်ဆင့် သီးခြားအုပ်ချုပ်ခဲ့ခြင်းဖြစ်၏။ လွတ်လပ်ရေးရသည့်တိုင် ထိုခေတ်အခါက ရှမ်းပြည်နယ်သည် နယ်ချဲ့တို့ဖန်တီးခဲ့သည့်အတိုင်း ပဒေသရာဇ်စနစ်ကို စွန့်လွှတ်ခြင်းမရှိသေးဘဲ ထုံးတမ်းစဉ်လာဓလေ့များဖြင့် စော်ဘွားများ၏ ဦးဆောင်မှုနှင့်အတူ အုပ်စိုးမှုပြုခဲ့ကြသည်။ ၁၉၅၉ ခုနှစ် မတ် ၉ ရက်တွင် ကျင်းပသော ရှမ်းပြည်နယ်ကောင်စီ အရေးပေါ်ညီလာခံတွင် မိုင်းရှူးစော်ဘွားကြီး စဝ်ဖန်ဖကစော်ဘွားများ အာဏာစွန့်မည့်အစီအစဉ်ကို အဆိုတစ်ရပ်အဖြစ် တင်သွင်းခဲ့ရာ အတည်ပြုခြင်းခံခဲ့ရပြီး ပြည်ထောင်စုအစိုးရမှလည်း တစ်လုံးတစ်ခဲတည်းသောပင်စင်များ ခံစားခွင့်ပေးခဲ့ပါသည်။ ရှမ်းစော်ဘွားများအနေဖြင့် သူတို့၏အုပ်ချုပ်မှုအာဏာကို စွန့်လွှတ်ခဲ့ခြင်းမှာ နိုင်ငံတော်၏ လိုလားချက်နှင့် ရှမ်းပြည်သူအများစု၏ လိုလားချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင် နောက်တစ်ချက်အနေဖြင့် တိုးတက်လာသော ခေတ်စနစ် အမြင်များနှင့်အညီ မိမိတို့ရှေ့တွင် လွတ်လပ်ရေးရရှိခဲ့သည့် အိန္ဒိယနိုင်ငံမှ မဟာရာဇာစော်ဘွားကြီးများ၏ လမ်းစဉ်ကို အတုယူခဲ့ခြင်းဖြစ်ပါသည်။ ၁၉၅၉ ခုနှစ် ဧပြီ ၂၉ ရက်တွင် တောင်ကြီးမြို့၌ ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချပွဲကျင်းပခဲ့ပြီး ထိုနေ့သည် ရှမ်းစော်ဘွားများ အာဏာစွန့်ပြီး ရှမ်းပြည်သူများလက်သို့ အုပ်ချုပ်ရေးအာဏာများ စတင်ရောက်ရှိသောနေ့ ဖြစ်ခဲ့ပါသည်။



ရှမ်းစော်ဘွားများ အာဏာစွန့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ အလေးပြုခံစဉ်။

**နိုင်ငံတော်အတွက် အကျိုးရှိစေခဲ့**

ရှမ်းပြည်နယ်ရှိ နယ်ရှင်စော်ဘွားများ(စဝ်ဖလုံ)များသည် ထုံးတမ်းစဉ်လာ မျိုးရိုးအရိုက်အရာများအတိုင်း မိမိတို့နယ်များအတွင်း အရပ်ရပ်စီရင်အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ အခွန်တော်ခန့်ခွဲကောက်ခံမှုအာဏာစသဖြင့် ကျယ်ပြန့်သောအာဏာများနှင့် ခံစားအုပ်ချုပ်လာခဲ့သည်ဖြစ်ရာ အာဏာစွန့်ရန်အတွက် မနည်းကြိုးစားခဲ့ကြရပါသည်။ သို့သော်ငြား နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုလားချက်အတိုင်း ခေတ်စနစ်နှင့် လျော်ညီသည့် ပြည်သူ့အုပ်ချုပ်ရေးအား သဘောထားကြီးစွာ ပြောင်းလဲလက်ခံခဲ့သည့်အတွက် ရှမ်းပြည်နယ်အတွက်သာမက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက်ပါ အကျိုးရှိစေခဲ့ပါသည်။ ထိုနေ့က အခမ်းအနား၌ ဗိုလ်ချုပ်ကြီးနေဝင်း ပြောကြားခဲ့သည့် မိန့်ခွန်းကို ကောက်နုတ်တင်ပြလိုပါသေးသည်။



တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းစော်ဘွားများ အာဏာစွန့်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း မိန့်ခွန်းပြောကြားစဉ်။ (၂၄-၄-၁၉၅၉)

> **“ ရှမ်းစော်ဘွားများအနေဖြင့် သူတို့၏အုပ်ချုပ်မှုအာဏာကို စွန့်လွှတ်ခဲ့ခြင်းမှာ နိုင်ငံတော်၏ လိုလားချက်နှင့် ရှမ်းပြည်သူအများစု၏ လိုလားချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင် နောက်တစ်ချက်အနေဖြင့် တိုးတက်လာသော ခေတ်စနစ်အမြင်များနှင့်အညီ မိမိတို့ရှေ့တွင် လွတ်လပ်ရေးရရှိခဲ့သည့် အိန္ဒိယနိုင်ငံမှ မဟာရာဇာစော်ဘွားကြီးများ၏ လမ်းစဉ်ကို အတုယူခဲ့ခြင်းဖြစ် ”**

**“လွတ်လပ်ရေးခေတ်ကြိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းတို့အဖို့ ပြဿနာအမျိုးမျိုးရှိတဲ့အထဲမှာ အခက်ဆုံးပြဿနာတစ်ခု ပေါ်ပေါက်ခဲ့တယ်၊ အင်္ဂလိပ်အစိုးရအနေနှင့် ဗမာပြည်ကို လွတ်လပ်ရေး** ပေးရသည့်တိုင်အောင် အရင်အခေါ် တောင်တန်းဒေသ ယခုအခေါ် ပြည်နယ်တွေကို ပြည်မမှ ခွဲထုတ်ပြီး တတ်နိုင်လျှင် အရင်ကအတိုင်း ဆက်လက်အုပ်စိုးရန်နှင့် ထိုသို့မဖြစ်နိုင်မှ ဓနသဟာယအဖွဲ့အစည်းအတွင်းမှာနေဖို့ အပြင်းအထန်ကြိုးစားခဲ့ပါတယ်၊ ပြည်နယ်သားတွေရဲ့ ရိုးသားမှု၊ အတွေ့အကြုံနည်းမှု၊ အတွေးအခေါ်နောက်ကျမှုတို့ကို အခွင့်အရေးယူပြီး အမျိုးမျိုး ကုန်းချောခဲ့ကြတဲ့အတွက် ပြည်နယ်သားတွေအနေနဲ့ ပြည်မက ဗမာများအပေါ် မယုံသင်္ကာဖြစ်ခဲ့ကြပါတယ်၊ ထိုအယုံအကြည်ကင်းမှုပပျောက်အောင်ဗိုလ်ချုပ်အောင်ဆန်းတို့အနေနှင့် အမျိုးမျိုး ကြံဆောင်ခဲ့ရပါတယ်၊ ထိုကြိုးစားချက်ထမြောက်အောင် စော်ဘွားကြီးများရဲ့ဆန္ဒကို လိုက်လျောကာ စော်ဘွားအုပ်ချုပ်မှုကို ဆက်လက်ကျင့်သုံးစေခဲ့ပါတယ်၊ စော်ဘွားကြီးများအတွက် အထူးအခွင့်အရေးဖြစ်စေမယ့် ပုဒ်မများကိုလည်း ထည့်သွင်းခဲ့ရပါတယ်၊ စော်ဘွားအုပ်ချုပ်မှုရဲ့ အပြစ်အနာအဆာ စော်ဘွားအချို့ရဲ့ အတွေးအခေါ် အယူအဆ အကျင့်အကြံတွေအပေါ် အပြစ်ပြောစရာ အရင်ကတွေ့ခဲ့ပေမယ့် ယနေ့တော့ဖြင့် စော်ဘွားကြီးများဟာ မိမိတို့ခံစားနေရတဲ့ အခွင့်အရေးတွေ အာဏာတွေကို ရက်ရက်ရောရော လက်တွေ့စွန့်လွှတ်ပြလိုက်ကြတာကို တွေ့ရပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မချီးကျူးဘဲမနေနိုင်တော့ပါဘူး၊ ဒီလိုမှမစွန့်လွှတ်ကြဘဲ မိမိတို့ရဲ့ အာဏာအခွင့်အရေးတွေကို ဆက်ပြီးကိုင်ထားချင်ကြသေးတယ်ဆိုရင်တော့ ရှမ်းပြည်နယ်နဲ့ ပြည်ထောင်စုမှာ နိုင်ငံရေးရော၊ အုပ်ချုပ်ရေးရော နှစ်ခုစလုံးနဲ့ ပတ်သက်တဲ့ပြဿနာတွေ ပေါ်ပေါက်လာနိုင်ပါတယ်၊ အုပ်ချုပ်ရေးအစီအစဉ်သစ်တစ်ရပ်ကို ပြေပြေပြစ်ပြစ်နဲ့ ပြောင်းလဲပေးခဲ့ကြတဲ့ စော်ဘွားကြီးတွေ၊ စောဖျာတွေကို အဲဒီပြဿနာများ မပေါ်ပေါက်နိုင်အောင်ဖန်တီးတဲ့ ပုဂ္ဂိုလ်တွေအနေဖြင့် မှတ်တမ်းတင်ရပါလိမ့်မယ်”ဟု ထည့်သွင်းပြောကြားခဲ့ရာ နှောင်းလူတို့အတွက် မှတ်သားစရာ နိုင်ငံရေးသမိုင်းကြောင်း ဗဟုသုတများပင်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ »»

»» စာမျက်နှာ ၁၀ မှ

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ရာ **"နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အစဉ်အဆက် တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာ အာမခံထားပြီး ဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ၇၅ နှစ်ကာလ ကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝ မခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့ အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝ ခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်"** ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

**အဖိုးတန်အချိန်များ အလေအလွင့်ဖြစ်ခဲ့**

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများ အနေဖြင့် ငြိမ်းချမ်းရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးစားခဲ့ကြပါသော်လည်း ငြိမ်းချမ်းရေး ရလဒ်များက ထင်သလောက် ခရီးမပေါက်နိုင်ခဲ့ပါချေ။ ထို့ကြောင့် အဖိုးတန်အချိန်များ အလေအလွင့် ဖြစ်ခဲ့ရပါသည်။ သူတစ်လူ ငါတစ်မင်း အပြိုင်အဆိုင် မာန်တင်းမှုများကြောင့် ထိခိုက်ခဲ့ရသည်က တိုင်းပြည်ပင်ဖြစ်သည်။ တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးစိတ်ရှိပါလျှင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ရှမ်းစော်ဘွားများ အာဏာစွန့်သည့်ဥပမာကို နမူနာယူသင့်ပါသည်။ အများအကျိုး၊ နိုင်ငံ့အကျိုးနှင့် ယှဉ်လာလျှင် မိမိတို့အကျိုးစီးပွားကို ဥပေက္ခာပြုနိုင်ရမည်ဖြစ်၏။ စွန့်ရဲသည့်သတ္တိရှိဖို့သာ လိုပါသည်။ ထိုအရာမှသာ စစ်မှန်သည့်သတ္တိဟု ဆိုရပါမည်။ တစ်ကိုယ်ရေကောင်းစားရေးနှင့် တစ်ပြည်ထောင်ကောင်းစားရေးအတွက် စွန့်စားခြင်းသည် စစ်မှန်သော သတ္တိ၏ပြယုဂ်မဟုတ်ပါချေ။ တိုင်းတစ်ပါး၏ အမြောက်အပင့်များကြားတွင် ကိုယ့်တိုင်းပြည်မြေပုံ ပျက်ယွင်းမှုမရှိစေရေး သတိပြုရန်လိုအပ်ပါသည်။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် လေ့လာမှတ်တမ်းတင်၍ မကုန်နိုင်သော ဖြစ်ရပ်များစွာ ရှိနေပါသည်။ ထိုအထဲမှ အကောင်းအဆိုးတို့ကို ချင့်ချိန်ခွဲခြားပြီး တိုင်းပြည်တိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ကြမှသာ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တနေသည့် နိုင်ငံတော်ကြီးတစ်ခုကို တည်ဆောက်နိုင်လိမ့်မည်ဖြစ်ပေသည်။

**ပြည်ပအဖျက်သမားများ၏ အန္တရာယ်**

အမိနိုင်ငံတော်ကြီး ပျက်စီးပြိုကွဲရေးကို ထာဝစဉ်ကြိုးပမ်းနေသော ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို မေ့လျော့ပေါ့ဆနေမည်ဆိုပါလျှင် ပြည်တွင်းစည်းလုံးညီညွတ်ရေးကို ထိပါးလာမည် ဖြစ်ပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲခြင်းမှ တစ်ဆင့် တိုင်းပြည်ကို စိတ်တိုင်းကျ ခြယ်လှယ်သွားသည့် အတိတ်ကဖြစ်စဉ်ကို မေ့လျော့၍မရပါချေ။ တစ်ချိန်တစ်ခါက ရှမ်းစော်ဘွားများကို နယ်ချဲ့ဗြိတိသျှတို့က မြှောက်စားမှုများပေးပြီး တောင်တန်းပြည်မ သွေးကွဲမှုများဖြစ်အောင် ဖန်တီးသကဲ့သို့ ယနေ့ထိတိုင်လည်း အလားတူ ဖန်တီးမှုမျိုးကို ခေတ်သစ်ကျားစေဉ်းလဲတို့က ကျင့်ကြံနေကြဆဲဖြစ်ပါသည်။ တပ်မတော်သည် အတိတ်သမိုင်းမှဖြစ်စဉ်များအပေါ် ဆင်ခြင်သုံးသပ်မှုအပြည့်ဖြင့် လွတ်လပ်ရေးရပြီးချိန်မှသည် ယနေ့ကာလတိုင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့အားလုံးသည် မြန်မာဖြစ်သည်ဟူသော ခံယူချက်စိတ်ထားများရှိပါက မည်သည့်သွေးခွဲမှိုင်းတိုက်မှုမျိုးကိုမဆို တွန်းလှန်နိုင်မည်ဖြစ်ပေသည်။ ကျွန်တော်တို့ ငယ်စဉ်က သင်ခဲ့ရသည့် "ဖွန်ပန်းရုံအနီး လှည်းဘီးနွံထဲကျွံနေသည်၊ ကူ၍တွန်းပေးကြပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်" ဟူသော ကဗျာလေးက အကောင်းဆုံးသာဓကပင် ဖြစ်ပါသည်။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၄/၂၀၂၂) တွင် အမှာစကား ပြောကြားခဲ့ရာ **"ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့် အစိုးရစနစ်ဖြစ်ပြီး ပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြစ်ကြောင်း၊ တိုင်းရင်းသားနယ်မြေများအလိုက် လိုအပ်ချက်များ၊ တောင်းဆိုချက်များနှင့် အခွင့်အာဏာများခွဲဝေခံစားခြင်း၊ မျှဝေခံစားခြင်းများ ရရှိစေရန်လိုကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတည်းဟူသော တိုင်းရင်းသားလူမျိုးစုများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုကြီးပင်ဖြစ်၏။ ထိုပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲဖို့၊ ပြည်သူလူထုလိုလားသည့် ပါတီစုံ ဒီမိုကရေစီစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံးတွင် တာဝန်ရှိကြပါသည်။ ၎င်းတာဝန်ကို အတိတ်သမိုင်းကြောင်း၌ မည်သို့ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်ကို ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ၌ ထင်ရှားစွာ တွေ့နိုင်ပါသည်။

အချုပ်ဆိုရသော် အစိုးရအနေဖြင့် စစ်မှန်သော သဘောထားတို့ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် မည်မျှပင်ကြိုးပမ်းစေကာမူ သက်ဆိုင်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကိုယ်ကျိုးမကြည့်ဘဲ ပူးပေါင်းပါဝင်လက်တွဲကြမှသာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းပြည်အေးချမ်းမည်ဖြစ်သည်။ တိုင်းပြည်အေးချမ်းမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၏။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ ဖူလုံပြည့်စုံခြင်းသည် တိုင်းပြည်စည်ပင်ဝပြောခြင်းကို ဖော်ထုတ်ပြသခြင်းပင်ဖြစ်၏။ တိုးတက်ပြောင်းလဲလျက်ရှိသော ကမ္ဘာကြီးနှင့် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များကို မျက်ခြည်ပြတ်မခံဘဲ အားလုံးသည် ဟုတ်သောအကြံ မှန်သောအကျင့် သင့်သောအယူ ဖြူသောနှလုံးဖြင့် တိုင်းပြည်ကောင်းရာကောင်းကျိုး ပူးပေါင်းဆောင်ရွက်ကြမည်၊ စည်းလုံးညီညွတ်ကြမည်ဆိုပါလျှင် စိန်ရတု လွတ်လပ်ရေးကာလမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံမှုကြောင့် ဖြစ်ပေါ်လာသည့် အသီးအပွင့်များစွာကို ခံစားကြရလိမ့်မည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

**ကိုးကား-**

၁။ ပြည်ထောင်စုဝံသာနုရက္ခိတ (တက္ကသိုလ်မြတ်သူ)
၂။ ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချပွဲစာအုပ်
၃။ (၁၃-၅-၂၀၂၂) ရက်နှင့် (၂၃-၄-၂၀၂၂) ရက်ထုတ် မြဝတီသတင်းစာ



ဒုတိယဗိုလ်မှူးကြီးအောင်ဇင် ဦးဆောင်မှုဖြင့် နိုင်ငံတော်သမ္မတက တပ်ပေါင်းစုအား ဂျစ်ကားဖြင့် လှည့်လည်စစ်ဆေးစဉ်။



ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချလက်မှတ်ရေးထိုးပွဲကြီး ကျင်းပစဉ်။

**"တိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးစိတ်ရှိပါလျှင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ရှမ်းစော်ဘွားများ အာဏာစွန့်သည့်ဥပမာကို နမူနာယူသင့်ပါသည်။ အများအကျိုး၊ နိုင်ငံ့အကျိုးနှင့် ယှဉ်လာလျှင် မိမိတို့အကျိုးစီးပွားကို ဥပေက္ခာပြုနိုင်ရမည်ဖြစ်၏။ စွန့်ရဲသည့်သတ္တိရှိဖို့သာ လိုပါသည်။ ထိုအရာမှသာ စစ်မှန်သည့်သတ္တိဟု ဆိုရပါမည်။ တစ်ကိုယ်ရေကောင်းစားရေးနှင့် တစ်ပြည်ထောင်ကောင်းစားရေးအတွက် စွန့်စားခြင်းသည် စစ်မှန်သော သတ္တိ၏ပြယုဂ်မဟုတ်ပါချေ။ တိုင်းတစ်ပါး၏ အမြောက်အပင့်များကြားတွင် ကိုယ့်တိုင်းပြည်မြေပုံ ပျက်ယွင်းမှုမရှိစေရေး သတိပြုရန်လို"**




ရှမ်းပြည်နယ်ရာဇဝင်တွင် မော်ကွန်းတင်ရမည့် ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချလက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပသော တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ကောင်စီ လွှတ်တော်အဆောက်အအုံကြီး။

# မြောက်ကိုရီးယားနိုင်ငံ၌ အဖျားရောဂါလက္ခဏာတွေ့ရှိသူ နှစ်သိန်းကိုးသောင်းကျော် ထပ်မံတွေ့ရှိ

ပြုံယမ်း မေ ၁၅

မြောက်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း အဖျားရောဂါလက္ခဏာတွေ့ရှိသူ ၂၉၆၀၀၀ ကျော် ထပ်မံစစ်ဆေးတွေ့ရှိပြီး ၁၅ ဦး ထပ်မံသေဆုံးခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါအရေအတွက်များသည် မေ ၁၃ ရက် ညနေ ၆ နာရီမှ မေ ၁၄ ရက် ညနေ ၆ နာရီအထိ ကောက်ယူထားခြင်းဖြစ်ကြောင်း အာဏာရ အလုပ်သမားပါတီသတင်းစာ ရိုဒေါင်ဆင်မန်က သတင်းဖော်ပြသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကို မေ ၁၂ ရက်တွင် ပထမဆုံးအကြိမ်တွေ့ရှိခဲ့ကြောင်း ပြုံယမ်းက အတည်ပြုပြောကြားသည်။

လက်ရှိတွင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်စည်းမျဉ်းများကို အမြင့်ဆုံးအဆင့်အထိ မြှင့်တင်ကာ ဆောင်ရွက်လျက်ရှိပြီး မြို့များနှင့် စီရင်စုများ၌ ခရီးသွားလာခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

မေ ၁၄ ရက်တွင် အဖျားရောဂါလက္ခဏာတွေ့ရှိသူအရေအတွက်သည် မေ ၁၃ ရက်တွင်တွေ့ရှိသည့် ၁၂၀၀၀၀ ကျော်ထက် ပိုမိုများပြားလာကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ဧပြီလနှောင်းပိုင်းမှစပြီး လက်ရှိအချိန်အထိ အဖျားရောဂါလက္ခဏာတွေ့ရှိသူပေါင်း ၈၂၀၀၀၀ နှင့် သေဆုံးသူပေါင်း ၄၂ ဦးရှိကြောင်း သိရသည်။ နိုင်ငံ၏ လက်ရှိအခြေအနေသည် နိုင်ငံဖွဲ့စည်းတည်ထောင်သည့် အချိန်မှစပြီး ရင်ဆိုင်ကြုံတွေ့ခြင်းမရှိသေးသည့် ခက်ခဲမှုတစ်ခုဖြစ်သည်ဟု ခေါင်းဆောင် ကင်ဂျုံအန်က ယမန်နေ့တွင်ပြုလုပ်သည့် ပါတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်သူအားလုံးကို ရောဂါ ရှိ၊ မရှိ စစ်ဆေးရန်နှင့် တရုတ်နိုင်ငံ၏ ကိုင်တွယ်ထိန်းချုပ်ပုံများကို သင်ခန်းစာယူကြရန် ခေါင်းဆောင်ကင်က တာဝန်ရှိသူများအား ပြောကြားသည်။



သို့သော် မြောက်ကိုရီးယားနိုင်ငံ၏ ကျန်းမာရေးစနစ်သည် အနည်းငယ်ယိုယွင်းလျက်ရှိပြီး အဖျားရောဂါလက္ခဏာတွေ့ရှိသူများ ပိုမိုများပြားလာနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အာဖဂန်နစ္စတန်နိုင်ငံက လက်ရှိဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ဘတ်ဂျက် ကြေညာ

ကဘူးလ် မေ ၁၅

အာဖဂန်နစ္စတန်နိုင်ငံသည် ယခု ၂၀၂၂ ခုနှစ် မတ် ၂၁ ရက်မှစတင်သည့် လက်ရှိဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ဘတ်ဂျက်ကို အာဖဂါနီ ၂၃၁ ဒသမ ၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ) ကို လျာထားကြောင်း မေ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နိုင်ငံတော်ဘတ်ဂျက်စုစုပေါင်းအနက်မှ အာဖဂါနီ ၂၀၃ ဒသမ ၅ ဘီလီယံကို သာမန်ဘတ်ဂျက်အတွက် ခွဲဝေအသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် အာဖဂါနီ ၂၇ ဒသမ ၉ ဘီလီယံကို ဖွံ့ဖြိုးမှုဘတ်ဂျက်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ အိမ်စောင့်အစိုးရ၏ ယာယီဒုတိယဝန်ကြီးချုပ် မော်လဝီ အဗ္ဗဒူလ် ဆာလမ် ဟာနာဖီက သတင်းထောက်များအား ပြောကြားသည်။

ယင်းအမျိုးသားဘတ်ဂျက်ကို အာဖဂန်နစ္စတန်နိုင်ငံအစိုးရအဖွဲ့၏ နောက်ဆုံးသုံးသပ်ချက်နှင့် တာလီဘန်ထိပ်တန်းခေါင်းဆောင် မူလာဟေဘာတူလ်လာ အာခွန်ဇာဒါ၏ အတည်ပြုချက်တို့ရရှိပြီးနောက် ကြေညာခဲ့ခြင်းဖြစ်ကြောင်း ယာယီဒုတိယဝန်ကြီးချုပ် မော်လဝီ အဗ္ဗဒူလ် ဆာလမ် ဟာနာဖီက ပြောကြားသည်။

ယခုနှစ်ဘတ်ဂျက်တွင် ပညာရေး၊ အစိုးရဝန်ထမ်းများလစာ၊ ကာကွယ်ရေးနှင့် အခြားသောကဏ္ဍများအတွက် နိုင်ငံတော်၏ ဝင်ငွေအရင်းအမြစ်များမှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဟာနာဖီက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# အမေရိကန်နိုင်ငံရှိ ဈေးဝယ်စင်တာတစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၁၀ ဦးသေဆုံး

ဝါရှင်တန် မေ ၁၅

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် ဘက်ဖလိုမြို့ရှိ ဈေးဝယ်စင်တာတစ်ခု၌ သေနတ်ပစ်ခတ်မှုတစ်ခု ယမန်နေ့တွင် ဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦးက အဆိုပါဈေးဝယ်စင်တာအတွင်းသို့ ဝင်ရောက်ပြီး စာရေးဝန်ထမ်းနှင့် ဈေးဝယ်သူများအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ဆိုသည်။ ထို့ပြင် သေဆုံးသူများအနက် လေးဦးအား ဈေးဝယ်စင်တာရှိ ယာဉ်ရပ်နားရာနေရာ၌ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သည့် လူငယ်အား လက်ရဖမ်းဆီးထားသည်။

ယင်းလူငယ်သည် ၎င်း၏ခန္ဓာကိုယ်ပေါ်တွင် ကင်မရာတစ်လုံးချိတ်ဆွဲပြီး သေနတ်ပစ်ခတ်မှုကျူးလွန်ခြင်းကို လူမှုကွန်ရက်ပေါ်တွင် တိုက်ရိုက်ပြသခဲ့ကြောင်း ရဲအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

အခင်းဖြစ်ပွားချိန်တွင် ဈေးဝယ်စင်တာအတွင်း၌ ဈေးဝယ်သူများနှင့် စည်ကားလျက်ရှိကြောင်းနှင့် ပြစ်မှုကျူးလွန်သည့်လူငယ်သည် ကာကွယ်ရေးတပ်ဖွဲ့ဝတ်စုံကို ဝတ်ဆင်ထားကြောင်း မျက်မြင်သက်သေတစ်ဦးက ဆိုသည်။

ရဲအရာရှိများက အခင်းဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းဈေးဝယ်စင်တာသည် ဘက်ဖလိုမြို့လယ်မှ မြောက်ဘက် ငါးကီလိုမီတာခန့်တွင် တည်ရှိပြီး လူနေတိုက်ခန်းများ ဘေးပတ်လည်တွင် ဝန်းရံထားကြောင်း သိရသည်။

အလားတူ ယမန်နေ့တွင် လော့အိန်ဂျလိစ်မြို့လယ်ခေါင်ရှိ ဈေးတန်းတစ်ခု၌ အမျိုးသားတစ်ဦး သေနတ်ထိမှန်ပြီး သေဆုံးခဲ့ပြီး ပြစ်မှုကျူးလွန်သူအား လိုက်လံဖမ်းဆီးလျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၈၇ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ မေ ၁၅

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၈၇ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၁၂၁၅၉၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၄၂၁၄ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၇၆၉၂ ဦးရှိကြောင်း သိရသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၇၈ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားကြရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၂၅၇၉၆၉၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်တွင် ပလတ်စတစ်အိတ်အသုံးပြုမှု တားမြစ်မည်

ဟန်နွိုင်း မေ ၁၅

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း၌ ပလတ်စတစ်အိတ်အသုံးပြုမှုကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မေ ၁၄ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စီးပွားရေးစင်တာများနှင့် စူပါမားကတ်များ၌ ရာနှုန်းပြည့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အိတ်များကို အသုံးပြုရန်လည်း ရည်မှန်းလျက်ရှိကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါ ဗီယက်နမ် သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ စူပါမားကတ်များ၌ တစ်ရက်လျှင် တစ်ခါသုံး ပလတ်စတစ်အိတ် အလုံးရေ ၁၀၄၀၀၀ အထက်တွင် အသုံးပြုခဲ့ကြောင်းနှင့် တစ်နှစ်လျှင် တစ်ခါသုံးပလတ်စတစ်အိတ် အလုံးရေ ၃၈ သန်းရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မဟာဗျူဟာနှင့် မူဝါဒဌာနက ပြုလုပ်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်ပြည်သူများသည် တစ်နှစ်လျှင် ပလတ်စတစ်တန်ပေါင်း ၃ ဒသမ ၉ သန်းအသုံးပြုခဲ့ကြောင်းနှင့် ယင်းတို့အနက် တန်ပေါင်း ၁ ဒသမ ၂၈ သန်းကိုသာလျှင် ပြန်လည်အသုံးပြုနိုင်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

ဗီယက်နိုင်ငံ၌ ပလတ်စတစ်ကို စိုက်ပျိုးရေး၊ အထည်အလိပ်၊ လေကြောင်း၊ မော်တော်ကား၊ အီလက်ထရွန်နစ်၊ လူသုံးကုန်ပစ္စည်း၊ ထုပ်ပိုးခြင်းတို့ အပါအဝင် နိုင်ငံအတွင်းရှိ စက်ရုံအများအပြားတွင် အဓိကအသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# သီရိလင်္ကာသမ္မတက အစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးလေးဦးခန့်အပ်



ကိုလံဘို မေ ၁၅

သီရိလင်္ကာနိုင်ငံ၌ ညီညွတ်သောအမျိုးသားပါတီခေါင်းဆောင် ဝစ်ကရီမီဆင်းက မေ ၁၃ ရက်တွင် ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာသည် မေ ၁၄ ရက်တွင် အစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးလေးဦးခန့်အပ်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာသမ္မတသည် ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီးအဖြစ် ဂူနာဝါဒီနာကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဂျီအယ်လ်ပီရစ်ကိုလည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် ပရာဆန်နာရာနာတွန်ဂါကိုလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးအဖြစ် ဝီဂျီဆီကီရာကိုလည်းကောင်း ခန့်အပ်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံအတွင်း နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် နိုင်ငံရေးပါတီများ အားလုံးပူးပေါင်းပါဝင်ကြရန် သမ္မတနှင့် ဝန်ကြီးချုပ်တို့က တိုက်တွန်းထားခြင်းကြောင့် အစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးအများအပြားထပ်မံခန့်အပ်လိမ့်မည်ဖြစ်ကြောင်း ထိပ်တန်းနိုင်ငံရေးတာဝန်ရှိသူများက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံအတွင်း အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီးနောက် ဝန်ကြီးချုပ်ဟောင်း မဟင်ဒါရာဂျာပက်ဆာသည် မေ ၉ ရက်တွင် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပွား၊ သုံးဦးသေဆုံး

နယူးဒေလီ မေ ၁၅

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် သုံးဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာသံပြည်နယ်ရှိ ခရိုင်ခြောက်ခုတွင် ရေလွှမ်းမိုးလျက်ရှိပြီး ဒေသခံပြည်သူ ၂၅၀၀၀ ဝန်းကျင်သည် ရေဘေးဒုက္ခများနှင့် ရင်ဆိုင်နေရသည်။

ဒီမာဟာဆိုခရိုင် ဟက်ဖလောင်ဒေသရှိ လမ်းမကြီးတစ်ခု၏ လမ်းပိုင်းတစ်နေရာသည် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားခဲ့ပြီး ဟိုဂျေခရိုင်နှင့် အနောက်ကာဘီအန်လောင် ခရိုင်ချင်းဆက်သွယ်ထားသည့် လမ်းမကြီးတွင်လည်း လမ်းပိုင်းနေရာအချို့ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုများကြောင့် လက်ဟင်ပါနှင့် နာဂွန်ခရိုင်များရှိ လမ်းမကြီးများ၊ တံတားများနှင့် ဆည်မြောင်းများ ပျက်စီးသွားခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် ဟက်ဖလောင်ဒေသတွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦးအပါအဝင် သုံးဦးသေဆုံးခဲ့ကြောင်း အာသံပြည်နယ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ဒေသခံပြည်သူ ၂၄၆၈၁ ဦးသည် ရေဘေးဒုက္ခနှင့်ရင်ဆိုင်နေရပြီး ရေကြီးရေလျှံမှုများကြောင့် လယ်ယာမြေ ဟက်တာပေါင်း ၁၇၃၂၇၂ ခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

တပ်မတော်အဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့များ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့ဝင်များနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ဒေသများသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၃ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၁၅

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၇၅၈၇၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၃၇၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် သုံးဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ငါးဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၅၆၁၂ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၄၀ ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၁၀၄၉၉ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၉၇၆၂ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၂ ဒသမ ၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၂ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၅၄ သန်းကျော်ရှိလာ

အဒစ်အဘာဘာ မေ ၁၅

အာဖရိကတိုက်၌ မေ ၁၄ ရက်ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၄၅၄၉၀ ရှိလာကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြား သည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက် တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၂၆၂၆ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၈၆၇၆၃၂ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၈၇၉၄၃၄ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၅၅၅၂ ဦးရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၉၁ ဦး ထပ်မံတွေ့ရှိ

စင်ကာပူ မေ ၁၅

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၉၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၃၆၈၅၀ ရှိလာကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ပြည်တွင်းကူးစက်ခံရသူများအနက် ၄၀၂ ဦးသည် ရောဂါကွင်းဆက်တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၃၈၈၉ ဦးသည် ရောဂါရှိ၊ မရှိ လျင်မြန်စွာ စစ်ဆေးသည့် နည်း လမ်းများဖြင့် ရောဂါတွေ့ရှိခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါကွင်းဆက်တုံ့ပြန်မှုဖြင့် စစ်ဆေးတွေ့ရှိသူများအနက် ၃၈၈ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ၁၄ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။ ထို့ပြင် ရောဂါရှိ၊ မရှိ လျင်မြန်စွာ စစ်ဆေးသည့် နည်းလမ်းများဖြင့် ရောဂါတွေ့ရှိသူများအနက် ၃၇၉၁ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ၉၈ ဦး သည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၆ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ခြောက်ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်မှုကြောင့် တစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့်သေဆုံးသူပေါင်း ၁၃၆၂ ဦး ရှိပြီဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိအများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်း အစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# တရားမဝင် မော်တော်ယာဉ်အပိုပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ (လေဆိပ်သွင်းကုန်)၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်း မရှိသော မော်တော်ယာဉ်အပိုပစ္စည်းများ၊ မိုဘိုင်းလ်ဖုန်း အပိုပစ္စည်းများနှင့် ဖန်စီပစ္စည်းများ **အမှုတွဲ နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၉၆၇၃၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

# မြစ်ကြီးနားမြို့နယ်နှင့် မြို့အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားမြို့နယ် လွယ်ခေါ်ကျေးရွာအုပ်စု လွယ်ခေါ်ကျေးရွာအနီး ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်လင်း(ခ)သောကြာ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အေးသာယာ(၁)လမ်းတွင် ရန်နိုင်စိုးနှင့် သိန်းတန်တို့နှစ်ဦးကို ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကန်သာရပ်ကွက် မင်္ဂလာလမ်းတွင် ငှားရမ်းနေထိုင်သူ မအိအိထွေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တင်မောင်ဝင်းအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀၊ ဘိန်းဖြူ ဘလောက်တုံး အခဲ သုည ဒသမ ၀၁၂ ကီလိုကိုလည်းကောင်း၊ ယင်းနေ့နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး–လားရှိုးသွားကားလမ်းတွင် သီဟအောင်(ခ)အောင်အောင် မောင်းနှင်လာသည့် Toyota Mark II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သီဟအောင်(ခ)အောင်အောင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၅-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီ ဆိုရာဝယ် |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအမြွေရာ |
| ၀၉:၄၀ | ရတနာအလားကမ္ဘာ့အမွေအနှစ်များ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ |
| ၁၃:၃၀ | MRTV National News |
| ၁၆:၄၀ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ |
| ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၃၀ | This Week's Special Interest |
| ၁၇:၄၅ | ရိုးရာအမွေ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | SEA Games Vitenam (Highlights) |
| ၁၈:၄၀ | သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **‘ဘက်စကက်ဘောအက်ဒေး’** (အပိုင်း–၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **‘တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်’** (အပိုင်း–၂၅) |
| ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း **‘ဘဝလမ်းကိုရွေးချယ်ခြင်း’** |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei) |
| 07:09 | Let's go to....Natural Paradise |
| 07:40 | Unique Art of Stucco Work |
| 08:01 | The Largest Nunnery In Myanmar |
| 08:31 | Shopping with Torch-Lights |
| 08:38 | From Bamboo Strip to Sublime Buddha |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Algeria Pavilion at Expo 2020 Dubai |
| 09:33 | An Ode To Love |
| 09:35 | Come Beat Eggs For Fun & Reward |
| 10:02 | Crocodile Keeper |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
မသန်သော်လည်းစွမ်းတဲ့သူ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
လိုင့်ထောင်ဗလာမစ်ရေတံခွန်သို့

**ချင်း(လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း–၂)

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အုံဖွယ်ရုံးပတီသီးအစွမ်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဝေဟင်ထက်ကဇီဝဆိုးငှက်ငယ်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်မုန့်တီ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
‘ဝ’ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း–၁၃)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
တောင်ပေါ်ဒေသမှအော်ဂဲနစ်စိုက်ခင်း

**ဂေကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း–၁၆)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၁၅ | 31st SEA Games Highlights |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၁:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘ငွေအဆုံးကုန်းတဝက်’** |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၅) |
| ၁၁:၀၀ | Election Korea - 2 |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း–၅) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၅ | အချိုဓာတ်မြင့်မားပီကံရှက်ချကြပါစို့ |
| ၀၇:၁၅ | ပိုကုန်တိုးပွားအကျိုးများမြန်မာ့ကျူနာငါး |
| ၀၇:၀၀ | ကော်ဖီသုတေသနမှသည် ကော်ဖီကမ္ဘာ့ဥတိုးတက်ဖို့မျှော်ရည် |
| ၀၈:၂၀ | မျိုးစေ့လုံလောက်စွာရရှိရေး စဉ်ဆက်မပြတ်ထုတ်လုပ်ပေး |
| ၀၉:၄၀ | ထိရောက်သောစိုက်ပျိုးရေးပညာပေး အစီအဉ်များဆီသို့ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လယ်ယာစွန့်ပစ်ပစ္စည်းများမှသည် အစားအစာလုံခြုံမှုဆီသို့

ဒေါက်တာဝင်းစုမင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးမှထုတ်လုပ်သော စွန့်ပစ်ပစ္စည်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိနေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး မြေဆွေးပုံများပြုလုပ်သုံးစွဲရန်အတွက် အလွန်လိုအပ်လျက်ရှိနေပါသည်။ တစ်ဖက်မှလည်း ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချနိုင်ပြီး အခြားတစ်ဖက်မှလည်း စိုက်ပျိုးရေးဆိုင်ရာ အထွက်နှုန်းများ တိုးတက်စေရန်အတွက်လည်း ရည်ရွယ်ချက်များထားရှိကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ရေရှည်တွင် မြေဆီလွှာအာဟာရကို ထိန်းသိမ်းရန်အတွက်လည်း မြေဆွေးများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးလှပါသည်။ ထို့ကြောင့် အကျိုးပြုအဏုဇီဝသက်ရှိများကို အသုံးပြု၍ ၎င်းစွန့်ပစ်ပစ္စည်းများကို ဆွေးမြည့်စေကာ မြေဆွေးပြုလုပ်အသုံးချခြင်းသည် အကောင်းမွန်ဆုံးသော နည်းလမ်းဖြစ်ပါသည်။

**မြေဆွေးဆိုသည်မှာ**

မြေဆွေးဆိုသည်မှာ အဏုဇီဝသက်ရှိများမှ ချေဖျက်ပြီး ရရှိလာသော တည်ငြိမ်ဆွေးမြည့်သည့် အော်ဂဲနစ်ပစ္စည်းကို ဆိုလိုပါသည်။ မြေဆွေးဖြစ်စဉ်တစ်ခုတွင် အဏုဇီဝသက်ရှိများသည် အောက်ဆီဂျင်ကိုအသုံးပြုပြီး ချေဖျက်သည့်ဖြစ်စဉ်တစ်ခုဖြစ်ခဲ့ကာ မူလရှုပ်ထွေးသည့်အော်ဂဲနစ်ပစ္စည်းများကို အော်ဂဲနစ်ပစ္စည်းများအသွင်သို့ ပြောင်းလဲသည့်ဖြစ်စဉ်ဖြစ်ပါသည်။ ထရိုင်ခိုဒါးမားဖြင့် ဆွေးမြည့်ထားသော မြေဆွေးများသည် သာမန်ဥယျာဉ်ခြံမြေဆွေးများထက် အပင်ရောဂါများကိုသက်သာစေပြီး အပင်ကြီးထွားမှုကို တိုးတက်ကောင်းမွန်စေပါသည်။

**အကျိုးပြုအဏုဇီဝသက်ရှိများအသုံးပြု၍ မြေဆွေးပြုလုပ်ခြင်း**

မြေဆွေးပြုလုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ပြောင်းရိုး၊ နှမ်းရိုး၊ ကြံ့ကြိတ်ဖတ် ကဲ့သို့သော ပစ္စည်းများကို အသုံးပြုနိုင်ပါသည်။ သမားရိုးကျမြေဆွေးများသည် ဆွေးမြည့်ရန်အတွက် ပုံမှန်အားဖြင့် လေးလမှ ငါးလခန့်အထိ ကြာမြင့်တတ်ကြပါသည်။ အကျိုးပြုအဏုဇီဝသက်ရှိကိုအသုံးပြု၍ ဆွေးမြည့်စေမည်ဆိုပါက သုံးပတ်မှ လေးပတ်အထိ ကြာမြင့်ချိန်ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ဆဲလူးလို့စ်များကို ချေဖျက်နိုင်သည့် အက်စပါးဂျီးလပ်စ်နှင့် ထရိုင်ခိုဒါးမားမှိုများကို အသုံးပြုမည်ဆိုပါက တစ်လအတွင်းဆွေးမြည့်စေနိုင်ကြောင်း သုတေသနများအရ သိရှိရပါသည်။

ထရိုင်ခိုဒါးမားမှို



ထရိုင်ခိုဒါးမားမှိုများတွင် ပါဝင်သည့် အင်ဇိုင်းတစ်မျိုးသည် ဆဲလူးလို့စ်များကို ကောင်းစွာ ချေဖျက်နိုင်ပါသည်။ ထို့ကြောင့် ထရိုင်ခိုဒါးမားအကျိုးပြုမှိုများကို မြေဆွေးပြုလုပ်ရာတွင် အသုံးပြုသင့်ပါသည်။

**ထရိုင်ခိုဒါးမားမှိုအသုံးပြု၍ မြေဆွေးပြုလုပ်ခြင်း**

ထရိုင်ခိုဒါးမားမှိုသည် ပွားများမှုမြန်ဆန်ပြီး စီးပွားဖြစ်အနေဖြင့် ဇီဝမြေဆွေးထုတ်လုပ်ခြင်း၊ ဇီဝပိုးသတ်ဆေးများထုတ်လုပ်ခြင်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြသည်။ သီးနှံအများစု၏ မြေဆောင်ရောဂါများကျရောက်မှုတွင်လည်း ထရိုင်ခိုဒါးမားမှိုကို အသုံးပြု၍ ရောဂါများကို လျော့ပါးသက်သာစေကြောင်း တွေ့ရှိရပါသည်။ ထရိုင်ခိုဒါးမားမှိုဖြင့်စီရင်ထားသော မြေဆွေးများသည် အပင်များတွင်ဖြစ်စေသော မှိုရောဂါတော်တော်များများကို ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ဇီဝမြေဆွေးများသည် ဓာတုမြေဆွေးများကဲ့သို့ အပင်ကို တိုက်ရိုက်အစာကျွေးခြင်းမဟုတ်ဘဲ မြေထဲတွင်ရှိသော အခြားဗက်တီးရီးယားများနှင့် မှိုများအတွက် ကြားခံပစ္စည်းများအနေဖြင့် အကျိုးပြုနေပါသည်။ ဇီဝမြေဆွေးထုတ်လုပ်မှုသည် ဓာတုမြေဩဇာများထုတ်လုပ်ခြင်းထက် ရိုးရှင်းလွယ်ကူပြီး ထုတ်လုပ်မှုကုန်ကျစရိတ်ကို သက်သာစေပါသည်။

**မြေဆွေး ဆွေးမြည့်မှုကိုစမ်းသပ်ခြင်း**

မျိုးစေ့ကို အညှောင့်ဖောက်၍ စမ်းသပ်ခြင်းသည် မြေဆွေးဆွေးမြည့်မှုကို တိုင်းတာရာတွင် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ - ၈၅ ရာခိုင်နှုန်းထက် ကျော်လွန်ပါက မြေဆွေးသည် ကောင်းစွာဆွေးမြည့်နေပြီ ဖြစ်ပါသည်။ ကောင်းစွာဆွေးမြည့်နေသော မြေဆွေးသည် ပြင်ပသွင်ပြင်လက္ခဏာများအရ အညိုရောင်မှ အနက်ရောင်ဖြစ်နေခြင်း၊ မြေလုံးဖွဲ့စည်းမှုကောင်းခြင်း၊ အနံ့အသက်ကောင်းခြင်းတို့နှင့် ပြည့်စုံရပါမည်။ ထရိုင်ခိုဒါးမားမှိုစီရင်ထားပါက နိုက်ထရိုဂျင်၊ ဖော့စပါးရပ်နှင့် ပိုတက်စီယမ်ပါဝင်မှုကို ကောင်းမွန်စေပါသည်။ ကာဗွန်၊ နိုက်ထရိုဂျင်အချိုးကိုလည်း လျော့ကျစေပါသည်။ ကောက်ရိုးမြေဆွေးသည် ၈၅-၁၀၈ ရက်အတွင်း ဆွေးမြည့်ပြီး ကြံမြုပ်ချေးမြေဆွေးသည် ရက်ပေါင်း ၁၁၈ ရက်ကြာမှသာ ဆွေးမြည့်သည်ကို လေ့လာတွေ့ရှိထားပါသည်။ ထို့ကြောင့် ထရိုင်ခိုဒါးမားမှိုကို အသုံးချခြင်းဖြင့် မြေဆွေးများ ပြုလုပ်သုံးစွဲသင့်ပါသည်။


> ထရိုင်ခိုဒါးမားမှိုဖြင့် စီရင်ထားသော မြေဆွေးများသည် အပင်များတွင်ဖြစ်စေသော မှိုရောဂါတော်တော်များများကို ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ဇီဝမြေဆွေးများသည် ဓာတုမြေဆွေးများကဲ့သို့ အပင်ကို တိုက်ရိုက်အစာကျွေးခြင်းမဟုတ်ဘဲ မြေထဲတွင်ရှိသော အခြားဗက်တီးရီးယားများနှင့် မှိုများအတွက် ကြားခံပစ္စည်းများ အနေဖြင့် အကျိုးပြုနေပါသည်။ ဇီဝမြေဆွေးထုတ်လုပ်မှုသည် ဓာတုမြေဩဇာများထုတ်လုပ်ခြင်းထက် ရိုးရှင်းလွယ်ကူပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်ကို သက်သာစေ

**သဘာဝမြေဆွေးနှင့် ဇီဝမြေဆွေးတို့၏ အကျိုးကျေးဇူးများ**

သဘာဝ၊ ဇီဝမြေဆွေးများကို အသုံးပြုခြင်းဖြင့် တောင်သူများလက်ရှိအသုံးပြုနေသော ဓာတုဗေဒပိုးသတ်ဆေး၊ မြေဩဇာများအတွက် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး ဝင်ငွေများလည်း တိုးတက်လာစေမည်ဖြစ်ပါသည်။ အကျိုးပြုအဏုဇီဝသက်ရှိများကိုအသုံးပြု၍ မြေဆွေးများ ပြုလုပ်သုံးစွဲခြင်းဖြင့် အစားအစာလုံခြုံမှုနှင့် အန္တရာယ်ဖြစ်မှု၊ စားသုံးရန်စိတ်ချရမှု စသည်တို့ကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်သီးနှံများတွင်လည်း ဓာတ်ကြွင်းအာနိသင်ပြဿနာကြောင့် ပို့ကုန်အတွက် ထိခိုက်နစ်နာမှုများ၊ စီးပွားရေးအရ ဆုံးရှုံးရမှုများကို စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များလည်း ထိခိုက်ခံစားနေကြရပါသည်။

ဇီဝမြေဆွေးများ ပြုလုပ်သုံးစွဲခြင်းဖြင့် အထက်ပါပြဿနာများကို ပြေလည်စေမည်ဖြစ်ပြီး စားသုံးသူ၊ စိုက်ပျိုးသူ၊ ကုန်သည်များမှသည် နိုင်ငံတော်အထိ များစွာအကျိုးရှိစေမည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ စွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး ဇီဝမြေဆွေးများ အမြန်ဆုံးအကောင်အထည်ဖော်ပြုလုပ်သုံးစွဲကြရန် လိုအပ်လာပြီဖြစ်ပါသည်။ ဇီဝမြေဆွေးများ ပြုလုပ်သုံးစွဲလိုသော တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်လိုသော အဖွဲ့အစည်းများအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထရိုင်ခိုဒါးမားမှိုထုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် ဇီဝမြေဆွေးပြုလုပ်ရန် နည်းပညာများသင်တန်းပေးခြင်း၊ လက်တွေ့ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

ထရိုင်ခိုဒါးမားမှိုပွားစာထုတ်လုပ်ခြင်း




ထရိုင်ခိုဒါးမားမှိုပွားစာ ၁၅၀ ဂရမ်ကို ဖွဲနုတစ်ပြည်ရောစပ်ခြင်း။

မြေဆွေးပြုလုပ်ပုံအဆင့်ဆင့်



# သဘာဝကပေးသည့် လက်ဆောင်ဟုတင်စားခေါ်ဝေါ်ရသည့် ဈေးကွက်ဝင် စက်မှုကုန်ကြမ်းသီးနှံ ဝဥ

သတင်းဆောင်းပါး- နဒီမင်း၊
ဓာတ်ပုံ- ကိုအောင်(စိုက်ပျိုးရေး)



"ဝဥက ကျွန်တော်တို့နိုင်ငံအတွက် သဘာဝကပေးတဲ့ လက်ဆောင်ပါ"ဟု ဆိုလာသူက ချင်းတိုင်းရင်းသား ကိုဆလိုင်းကျော်ပင် ဖြစ်သည်။

သူ၏ဇာတိမြေ ချင်းတို့ဌာနေသည် သဘာဝတောတောင် အလှအပများကို ပိုင်ဆိုင်ထားရုံသာမက အရည်အသွေး ကောင်းမွန်သည့်ဝဥပင်တို့ပေါက်ရောက် ရှင်သန်ရာ၊ အဓိကဖြစ်ထွန်းအောင်မြင်ရာ ဒေသတစ်ခုဟုဆိုလျှင် မှားမည် မထင်ပေ။

"ဝဥရဲ့သဘောတရားက ပေါင်းရှင်းပေးဖို့ပဲလိုတာ၊ ဝဥက ဓာတ်မြေဩဇာလည်း ကျွေးစရာမလိုဘူး၊ တချို့တွေဆို ဝဥပဲစိုက်တယ်။ တစ်နှစ်တစ်နှစ် ဖော်လိုက်တာနဲ့ သိန်းရာနဲ့ချီရတာလေ" ဟု ချင်းတိုင်းရင်းသား ကိုဆလိုင်းကျော်က ပြောသည်။

## ဝဥမျိုးစိတ်ပေါင်း ၈၀ ခန့်ရှိ

ကမ္ဘာပေါ်တွင် ဝဥမျိုးစိတ်ပေါင်း ၈၀ ခန့်ရှိပြီး ဝဥကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ဂျပန်နိုင်ငံ၌ ဆေးဝါးအဖြစ် သုံးစွဲကြသည်။ ဝဥသည်သဘာဝမြေအောက်ရှိ သတ္တုဓာတ်များ ပါဝင်သော ရေ ၉၀ ရာခိုင်နှုန်း စုပ်ယူထားသောကြောင့် ကိုယ်လက်ကျန်းမာကြံ့ခိုင်စေသည်။ ပိန်းရိုင်းပင်များကဲ့သို့ပင် လျှာယားစေသည့် Oxalid acid ပါဝင်သည့်အတွက် အစိမ်းစား၍ မသင့်ပေ။ ကုန်ချောပစ္စည်းအဖြစ် အသွင်ပြောင်း၍ မုန့်မျိုးစုံ၊ အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများစွာ ထုတ်လုပ်လျက်ရှိသည်။

ဝဥ၏မူရင်းဒေသမှာ အရှေ့တောင်အာရှဒေသဖြစ်ပြီး အပူပိုင်းအာရှ၊ အာဖရိကနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တို့တွင် သဘာဝအလျောက် ပေါက်ရောက်ရှင်သန်ကြပြီး မြန်မာနိုင်ငံတွင် တွေ့ရသည့် ဝဥမျိုးများတွင် Glucoman- nan ၆၀ ရာခိုင်နှုန်းကျော် ပါဝင်သဖြင့် အခြားအာရှဒေသများက ထွက်ရှိသည့် ဝဥများထက်ပင် အရည်အသွေး သာလွန်ထူးကဲကောင်းမွန်သည်ဟု ဆိုရမည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံက ထွက်ရှိသည့် ဝဥများကို တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများက အထူးကြိုက်နှစ်သက် ဝယ်ယူကြသည်။

"အဓိကက ချင်းပြည်နယ်မှာထွက်တဲ့ တောင်ပေါ်ဒေသမျိုး ပန်းရောင်မျိုးနဲ့ ပဲခူးရိုးမတစ်လျှောက်မှာထွက်တဲ့ အဝါရောင်မျိုးတွေက Glucoman- nan ပါဝင်မှုက သူ့စံထားသတ်မှတ်ချက်ထက် ကျော်လွန်ကောင်းမွန်နေတယ်။ အညာဒေသဘက်က အဖြူရောင်ကတော့ Glucoman-nan ပါဝင်မှုနည်းတယ်။ ကျွန်တော်တို့နိုင်ငံက တကယ်တော့ ကုန်ချောက အလိုလိုကောင်းပြီးသား ဖြစ်နေတယ်။ အဲဒါကြောင့် ဘုရားပေးတဲ့ လက်ဆောင်လို့ပြောကြတာ"ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညောင်နှစ်ပင်စိုက်ကွင်းမှ ခြံတာဝန်ခံ ဦးအောင်သွင်ကိုက ပြောသည်။

## ဝဥစိုက်ဧက သိန်းနှင့်ချီ ရှိလာပြီ

ဝဥကို ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းတွင်လည်း ဝဥစိုက်ပျိုးလာသဖြင့် ယခုဆိုလျှင် တစ်နိုင်ငံလုံးတွင် ဝဥစိုက်ဧက သိန်းနှင့်ချီ ရှိလာပြီဖြစ်သည်။

ဝဥသည် အစိုဓာတ်ထိန်းထားနိုင်ပြီး မြေဆွေးဓာတ်များသော နုန်းမြေ၊ သစ်တောမြေနှင့်ရေစီးရေလာကောင်းသောရေမဝပ်သော မြေအမျိုးအစားတွင် ရှင်သန်ပေါက်ရောက်ကြီးထွားနိုင်သည်။ ရေငတ်ဒဏ်ခံနိုင်သော်လည်း ရေဝပ်လျှင် ဥပုပ်တတ်ပြန်သည်။ မြေငန်ကိုကား ကြိုက်နှစ်သက်မှု မရှိပေ။

ပူနွေးစွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ပြီး မိုးရေချိန် ၆၀ လက်မမှ ၁၂၀ လက်မကြား၊ အပူချိန် ၂၅ ဒီဂရီမှ ၃၅ ဒီဂရီစင်တီဂရိတ်၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ နှင့် ၅၀၀၀ ကြား စိုက်ပျိုးနိုင်သည်။ ပင်လယ်ရေမျက်နှာပြင် ပေ ၂၅၀၀ နှင့်အထက် စိုက်ပျိုးပါက အရိပ်မလိုပေ။ ပေ ၁၀၀၀ အောက် စိုက်ပျိုးပါက ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းကြား အရိပ်ရရန်လိုအပ်ပေသည်။

ဝဥကို နှစ်ရှည်စိုက်ခင်းများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ ဆီအုန်း စသည့်စိုက်ခင်းများတွင် ဝင်ငွေရကြားသီးနှံအဖြစ် စိုက်ပျိုးနိုင်သကဲ့သို့ သီးသန့်စိုက်ခင်းများအဖြစ်လည်း စိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံတွင် ပူပြင်းခြောက်သွေ့သော ဒေသမှလွဲ၍ နိုင်ငံအနှံ့ အလေ့ကျပေါက်ရောက်နိုင်သော်လည်း အချိန်မတိုင်မီ ရိတ်သိမ်းမှုများကြောင့် သဘာဝပေါက်သော ဝဥများမှာ မျိုးတုံးလုနီးပါးဖြစ်လာခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်မှ စတင်ကာ စနစ်တကျစိုက်ခင်းများအဖြစ် စမ်းသပ်စိုက်ပျိုးလာခဲ့ခြင်း ဖြစ်သည်။

"ဝဥက သဘာဝအတိုင်းပေါက်တဲ့အခါမှာ ဒီအပင် ဒီနေရာမှာ ရှိတယ်ဆိုတာ အပင်ကျသွားတာနဲ့ ဥကရှာမတွေ့တော့ဘူး၊ တူးတဲ့အခါ အဆင်မပြေတာတို့၊ အရည်အသွေးမကောင်းတာတို့ ဖြစ်တဲ့အခါကျတော့ ကိုယ့်ခြံထဲမှာ ကိုယ်စိုက်တဲ့အခါကျတော့ မှတ်ထားပြီးတော့ တူးဖော်လို့ရတာပေါ့"ဟု ဦးအောင်သွင်ကိုက ပြောသည်။

## အချိန်ကာလအားဖြင့် လေးနှစ်ခန့်လိုအပ်

ဝဥကို ပန်းခိုင်မှလည်းကောင်း၊ ရွက်သီးမှလည်းကောင်း၊ ဥမှလည်းကောင်း နည်းမျိုးစုံဖြင့် မျိုးပွားနိုင်သည်။ ပန်းခိုင်သီးများကို စိုက်ပျိုးရာတွင် သဲစိုပေါင်များ၊ သဲအိတ်များဖြင့် ပျိုးထောင် စိုက်ပျိုးရမည်ဖြစ်ပြီး ဈေးကွက်ဝင် ဝဥရရှိရန် အချိန်ကာလအားဖြင့် လေးနှစ်ခန့် လိုအပ်သည်။

ရွက်သီးများကို စိုက်ပျိုးရာတွင် ဈေးကွက်ဝင် ဝဥဖြစ်လာရန် အချိန်ကာလအားဖြင့် နှစ်နှစ်မှ သုံးနှစ်ခန့် လိုအပ်သည်။

ဥများကို စိုက်ပျိုးရာတွင် ၂၅ ကျပ်သားအရွယ် ဥများကို စိုက်ပျိုးခြင်း၊ တစ်ပိဿာခန့်ရှိ ဥများကို လေးစိတ်စိတ်ပြီး ပြာလူး၍သော်လည်းကောင်း၊ ထုံးသုတ်၍သော်လည်းကောင်း စိုက်ပျိုးခြင်း၊ မျိုးဥကွဲများကို တစ်လုံးစီဖဲ့၍ စိုက်ပျိုးခြင်း စသဖြင့်အမျိုးမျိုးရှိပြီး နှစ်ချင်း ဈေးကွက်ဝင် ဝဥမျိုးကို ရရှိနိုင်သည်။

စာမျက်နှာ ၁၇ သို့ ❖





"ကမ္ဘာပေါ်တွင် ဝဥမျိုးစိတ်ပေါင်း ၈၀ ခန့်ရှိပြီး ဝဥကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ဂျပန်နိုင်ငံ၌ ဆေးဝါးအဖြစ် သုံးစွဲကြသည်။ ဝဥသည်သဘာဝမြေအောက်ရှိ သတ္တုဓာတ်များ ပါဝင်သော ရေ ၉၀ ရာခိုင်နှုန်း စုပ်ယူထားသောကြောင့် ကိုယ်လက်ကျန်းမာကြံ့ခိုင်စေသည်။ ပိန်းရိုင်းပင်များကဲ့သို့ပင် လျှာယားစေသည့် Oxalid acid ပါဝင်သည့်အတွက် အစိမ်းစား၍ မသင့်ပေ။ ကုန်ချောပစ္စည်းအဖြစ် အသွင်ပြောင်း၍ မုန့်မျိုးစုံ၊ အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီဆေးဝါးများစွာ ထုတ်လုပ်လျက်ရှိ"

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၅-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၀ | ၂၀၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၄၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၄၃၀ |
| 95 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၀ | ၂၆၀၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၆၀ | ၂၆၉၀ |
| HSD (50 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |
| HSD (10 ppm) | ၂၂၈၅ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၅၉၀ | ၂၇၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၁ | ၂၀၆၄ |
| 95 Ron | ၂၀၄၅ | ၂၁၂၀ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၀ | ၂၂၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ စာမျက်နှာ ၁၆ မှ

"ဝဥက ပန်းခိုင်ကလည်း ပြန်ပေါက်တယ်။ ရွက်သီးကြွေကျရင်လည်း ပြန်ပေါက်တယ်။ ဥကနေလည်း ပြန်ပေါက်တယ်။ သခင်မစွန့်တဲ့သီးနှံလို့ ဒါ့ကြောင့် ခေါ်ကြတာ''ဟု ဦးအောင်သွင်ကိုက ပြောသည်။

**အေး၍ခြောက်သွေ့သောနေရာ၌ သိုလှောင်ထားသင့်**

ရိတ်သိမ်းပြီး ဝဥများကို ကုန်ချော ထုတ်လုပ်မည့် စက်ရုံသို့မပို့မီ သို့မဟုတ် မျိုးအဖြစ် ပြန်လည်အသုံးမပြုမီ လေဝင်လေထွက်ကောင်းပြီး အေး၍ခြောက်သွေ့သောနေရာ၌ သိုလှောင်ထားသင့်သည်။

"ဝဥကုန်ကြမ်းတွေကို အမှုန့်ကြိတ်မယ်ဆိုရင် ကစီဓာတ်ပါတဲ့ ပေါ့ပါးတဲ့အမှုန့်နဲ့ အလေးချိန်ရှိတဲ့ Glucoman– nan ဆိုပြီး နှစ်မျိုးထွက်လာမယ်။ Glucoman– nan ပါဝင်တဲ့ အမှုန့်တွေကတော့ ပြည်ပကို ကုန်ချောထုတ်လုပ်ဖို့ အတွက် တင်ပို့ပါတယ်။ ကျန်တဲ့



ပေါ့ပါးတဲ့ အမှုန့်တွေကတော့ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုပါတယ်''ဟု ဦးအောင်သွင်ကိုက ပြောသည်။

ဝဥစိုက် တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရွေးချယ်နိုင်ရေး ကူညီဆောင်ရွက်လျက် ရှိသည့်အပြင် နည်းပညာပံ့ပိုးမှုများ၊ တောင်သူပညာပေးသင်တန်းများကို နေရာဒေသအနှံ့ ပို့ချပေးလျက်ရှိသည်။

"ချင်းပြည်နယ်က မျိုးကောင်းတယ်ဆိုပြီး ရန်ကုန်ကိုယူစိုက်ရင် အရည်အသွေးက မမီတော့ဘူး။ တောင်ပေါ်ဒေသတွေမှာကောင်းတယ်ဆိုပေမယ့် မြေပြန့်မှာ စိုက်တဲ့အခါ ဈေးကွက်မီဖို့ အလွန်ကြာတယ်။ သူ့ဒေသအလိုက် သင့်တော်တဲ့ မျိုးကိုပဲ စိုက်ရမှာ။ စိုက်ချင်လို့ သိလိုတာရှိရင် စိုက်ပျိုးရေးဌာနကို ဆက်သွယ်လို့ ရပါတယ်''ဟု ဦးအောင်သွင်ကိုက ပြောသည်။

**စက်မှုကုန်ကြမ်းသီးနှံ**

ဝဥသည် အခြားသီးနှံ မဖြစ်ထွန်းသည့် နေရာဒေသများတွင် အစားထိုးသီးနှံ အဖြစ် စိုက်ပျိုးရသည့် သီးနှံမျိုးကား မဟုတ်ချေ။ နှစ်ရှည်စိုက်ခင်းများကြား ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သောကြောင့် စိုက်ပျိုးသင့်သော စက်မှုကုန်ကြမ်းသီးနှံ ဖြစ်သည်။


တောင်သူများအနေဖြင့် တစ်နှစ်အတွင်း ဈေးကွက်ဝင်သည့် ဝဥမျိုးများ စိုက်ပျိုးရာတွင် တစ်ဧကလျှင် စိုက်ပျိုးကုန်ကျငွေကျပ် သိန်း ၅၀ ခန့် ရင်းနှီးရပြီး ပြန်ရငွေမှာ မြေအခြေအနေနှင့် ပြုစုမှုပေါ်မူတည်၍ ကျပ် သိန်း ၈၀ မှ ၁၀၀ ကြား အမြတ်ရနိုင်သည့် သီးနှံမျိုးဖြစ်သည့်အတွက် အရင်းကြီးပြီး အမြတ်လည်း ကြီးသည့် သီးနှံမျိုးဖြစ်သည်။

တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယစသဖြင့် ပြည်ပပို့ကုန်ဈေးကွက် အခိုင်အမာရရှိပြီးဖြစ်သည့် ဝဥသည် ကိုဗစ်–၁၉ ရောဂါနှင့် ဝဥစိုက်ပျိုးရာ နေရာဒေသအချို့တွင် ဝဥစိုက်ပျိုးရန်နှင့် စိုက်ပျိုးပြီး ဝဥများကို မျိုးအတွက် ဥများတူးဖော်ရန် နယ်မြေဒေသ မတည်ငြိမ်မှုများကြောင့် လက်ရှိအချိန်တွင် ဈေးကွက်အခြေအနေမှာ အေးလျက်ရှိသည်။

**ဝဥစိုက်ရာသီချိန်**

သို့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ဝဥစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသများမှ တောင်သူများအနေဖြင့် ဈေးကွက်ပြန်လည်ဦးမော့လာချိန်တွင် ပို့ကုန်ဈေးကွက်၌ မျက်နှာပန်းလှစွာ တင်ပို့နိုင်ရေးအတွက် ဝဥစိုက်ရာသီချိန်တွင် မိမိတို့ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးထားသင့်ပေသည်။

"မြန်မာတစ်နိုင်ငံလုံးမှာ ဝဥစိုက်လို့မရတဲ့ နေရာရယ်လို့တော့ မရှိဘူး။ ဝဥတို့၊ ပီလောပီနံတို့ ဆိုတာက သူ့ရဲ့ မူလဇာစ်မြစ် စိုက်ပျိုးဒေသမှာ မြန်မာနိုင်ငံပါတယ်။ ဘယ်မှာစိုက်စိုက် စိုက်လို့ရတယ်ဆိုပေမယ့် ဈေးကွက်ဝင်ဖို့တော့ လိုလိမ့်မယ်။ အရည်အသွေးပြည့်တဲ့ ပို့ကုန်ဖြစ်ဖို့ နိုင်ငံတကာဈေးကွက်ဝင်ဖို့ဆိုရင် ပြုစုပျိုးထောင်မှုနည်းစနစ်မှန်ဖို့ လိုပါတယ်။ အရင်းများတဲ့အတွက် စီးပွားဖြစ်စိုက်မယ်ဆိုသေချာလေ့လာပြီး စိုက်ဖို့လိုတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဦးအောင်သွင်ကိုက အကြံပြုပြောကြားသည်။ ။







# ကျိုက်လတ်တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေထီးတော်အထွတ်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



**ကျိုက်လတ် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် တပေတမော့ ကျေးရွာအုပ်စု ကျုံလှကျေးရွာ ဓမ္မဝိဟာရဘိုးဘွားရိပ်သာကျောင်းဝင်းအတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေက မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။ ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုပူဇော်ဖွင့်လှစ်ခဲ့ပြီး ရပ်ဆိုင်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်အား ဓမ္မဝိဟာရဘိုးဘွားရိပ်သာကျောင်းဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မသုခထံသို့ ဘုရားဒါယကာ ဦးလှထွန်းအောင်၊ ဘုရားဒါယိကာမ ဒေါ်နုနုရင်(အောင်တံခွန်ဆန်စက်)မိသားစုတို့က လည်းကောင်း၊ ငှက်မြတ်နားတော်အား သက်တော်ရှည်နန္ဒဝန်ဆရာတော်ကြီးထံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျက လည်းကောင်း၊ ပန်းလုံးတော်နှင့် ဆပ်သွားဖူးတော်ကို အဖွဲ့ဝင်-၁ ဗိုလ်မှူးရဲမင်းက ရပ်ဆိုင်ဆရာတော်ထံသို့လည်းကောင်း၊ ထီးတော်ကြီး၏ ပထမနှင့် ဒုတိယဘုံဆင့်တို့ကို အဖွဲ့ဝင်-၂ ဦးစိန်မြင့်က ဘဒ္ဒန္တဓမ္မသုခထံသို့လည်းကောင်း၊ ထီးတော်ကြီး၏ တတိယနှင့်စတုတ္ထဘုံဆင့်တို့ကို အဖွဲ့ဝင်-၃ ဦးထွန်းဆွေက လည်းကောင်း၊ ထီးတော်ကြီး၏ ပဉ္စမဘုံအဆင့်ကို အတွင်းရေးမှူး ရဲမှူးမျိုးမြင့်ဝင်းကလည်းကောင်း၊ ဆဋ္ဌမနှင့် သတ္တမဘုံဆင့်ကို တာဝန်ရှိသူအသီးသီးတို့က လည်းကောင်း ဆရာတော်ကြီးများထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အရံစေတီ ၃၂ ဆူ၏ ရွှေထီးတော်များကို အလှူရှင်များက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**တင်လှူပူဇော်**

ထို့နောက် ထီးတော်ဘုံဆင့်များ၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် အရံစေတီထီးတော်များအား ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ခဲ့ကြပြီး ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် ဆက်စပ်ထီးတော်ဝတ္ထုအစုစုတို့ကို နတ်ပန်းရထားဖြင့် တင်လှူပူဇော်ခဲ့ကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းခဲ့သည်။ ဆက်လက်၍ ဘုရားအမှူးရှိသော သံဃာတော် ၆၃ ပါးတို့ကို ပစ္စည်းလေးပါးနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆွမ်းတော်ကြီးလောင်းလှူခဲ့ကြကြောင်း သိရသည်။

၀၂၇

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ စုဒ္ဒသမကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော် ရေစက်ချမင်္ဂလာကျင်းပ

**နေပြည်တော် မေ ၁၅**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စုဒ္ဒသမကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော် ရေစက်ချမင်္ဂလာကို ယမန်နေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ကျင်းပရာ မရမ်းကုန်းမြို့နယ် စမ်းချောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ဆံချမင်္ဂလာပြုလုပ်**

ဦးစွာ ရဟန်းလောင်းများနှင့် ရှင်သာမဏေတို့အား သီရိမင်္ဂလာကမ္ဘာအေးစေတီတော်အတွင်း လှည့်လည်ကြပြီး သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆံချမင်္ဂလာပြုလုပ်ပေးသည်။

ထို့နောက် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများက ရဟန်းလောင်း ခြောက်ပါး၊ ရှင်သာမဏေ ၄၁ ပါးနှင့် သီလရှင် ၁၄ ပါးတို့ကို ရဟန်းဘောင်၊ ရှင်သာမဏေ၊ သီလရှင်အဖြစ်သို့ သွတ်သွင်းပေးပြီး တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များနှင့် ရှင်သာမဏေများအား သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် အလှူတော်ရေစက်ချမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အလှူရှင်များက မှော်ဘီမြို့နယ် မဟာမြိုင်သဲဖြူတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်မဟာမြိုင်သဲဖြူတောရကျောင်းတိုက်ဆရာတော်က သာသနာ့ဘောင်သို့ ဝင်ရောက်ပြီးဖြစ်သော ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား သမ္မောဒနီယ ဩဝါဒကထာမြွက်ကြားတော်မူပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာမြိုင်သဲဖြူတောရကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဇလွန်မြို့နယ်၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ဇလွန် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူများက ဇလွန်မြို့နယ်အတွင်း သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ် လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် မဟာအတုလဝေယံပြည်တော်ပြန် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်တော် ၂၅၅ အိတ်၊ ဆီ ၇၆၆ ပိဿာ၊ ဆား ၇၆၆ ပိဿာ၊ ပဲ ၇၆၆ ပိဿာ စသည့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဇလွန်(ပြန်/ဆက်)

# ချောင်းသာမြို့အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**ချောင်းသာ မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့အတွင်း သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေနှင့် သီလရှင်တို့အား ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ စသည်တို့ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ကြွရောက်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များထံမှ ဌာနဆိုင်ရာ ဌေ့ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟအောင်နှင့် ဌာနဆိုင်ရာအဖွဲ့များက ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



အဆိုပါလှူဒါန်းမှုကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်သူများမှ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ချောင်းသာမြို့ရှိ ကျောင်းတိုက်အသီးသီးတွင် ဝါဆို၊ ဝါကပ်တော်မူကြမည့် ရဟန်း၊ သာမဏေနှင့် သီလရှင်တို့ ဝါတွင်းကာလ ဆွမ်းအခက်အခဲမရှိစေရန်အတွက် ဆွမ်းဆန်တော် ၂၂ အိတ်၊ ဆီ ၃၂ ပိဿာ၊ ဆား ၇၅ ပိဿာနှင့် ပဲ ၃၂ ပိဿာတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**စာပေမြင့်မှ လူမျိုးတင့်မည် ❙ စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၆ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၈၃,၃၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၁၄၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၀၈၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၁,၀၉၆,၆၀၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၄၉၇,၅၅၈) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၄,၅၉၉,၀၄၈) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၇၇၁,၆၅၃) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၄-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၅၇,၄၆၇,၃၀၇) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၁၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၇၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၁၃၇) ခု | (၃) ဦး |
| စုစုပေါင်း | (၆,၆၀၃) ခု | (၄) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၄-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၄၉၇,၅၅၈) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၄,၅၉၉,၀၄၈) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၇၇၁,၆၅၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့်ထိုးနှံပြီး လူဦးရေ | (၃၁,၀၉၆,၆၀၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၇,၄၆၇,၃၀၇) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၄၂၀၉၄၇၃ | ၈၁၂၄၄၂၆၀ | ၁၀၂၆၆၄၆ |
| ၂။ | အိန္ဒိယ | ၄၃၁၂၁၅၉၉ | ၄၂၅၇၉၆၉၃ | ၅၂၄၂၁၄ |
| ၃။ | ဘရာဇီး | ၃၀၆၈၂၀၉၄ | ၂၉၇၁၈၄၀၂ | ၆၆၄၉၂၀ |
| ၄။ | ပြင်သစ် | ၂၉၁၆၀၈၀၂ | ၂၈၁၅၆၆၇၄ | ၁၄၇၂၅၇ |
| ၅။ | ဂျာမနီ | ၂၅၇၇၄၅၀၉ | ၂၃၉၅၆၇၀၀ | ၁၃၇၉၀၇ |
| ၆။ | ဗြိတိန် | ၂၂၁၅၉၈၀၅ | ၂၁၆၇၇၈၉၆ | ၁၇၆၇၀၇ |
| ၇။ | ရုရှား | ၁၈၂၆၀၂၉၃ | ၁၇၆၄၇၁၇၉ | ၃၇၇၆၇၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၇၈၂၀၆၁ | စိစစ်ဆဲ | ၂၃၇၀၉ |
| ၉။ | အီတလီ | ၁၇၀၃၀၁၄၇ | ၁၅၈၆၄၁၇၇ | ၁၆၅၁၈၂ |
| ၁၀။ | တူရကီ | ၁၅၀၅၃၁၆၈ | ၁၄၉၅၁၂၃၈ | ၉၈၈၉၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၆၉၆၆၃၀ | ၉၃၅၅၀၄၀ | ၄၃၀၆၅ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၀၇၇၆ | ၅၈၈၉၅၃၄ | ၁၅၆၄၅၈ |
| ၃။ | မလေးရှား | ၄၄၇၅၈၇၃ | ၄၄၀၉၁၅၉ | ၃၅၆၁၂ |
| ၄။ | ထိုင်း | ၄၃၇၃၈၄၆ | ၄၂၇၃၅၉၉ | ၂၉၄၇၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၇၉၂၂ | ၃၆၂၄၄၅၉ | ၆၀၄၅၅ |
| ၆။ | စင်ကာပူ | ၁၂၄၀၂၃၃ | ၁၁၆၂၁၄၀ | ၁၃၆၂ |
| ၇။ | မြန်မာ | ၆၁၃၁၄၀ | ၅၉၂၀၈၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၉၃၈၆ | ၂၀၈၃၄၄ | ၇၅၄ |
| ၉။ | ဘရူနိုင်း | ၁၄၄၆၅၉ | ၁၄၂၇၈၈ | ၂၂၀ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၁၉၄ | ၃၀၅၆ |

## ပုံပြင်

# သစ္စာရှိသော မောင်ညို

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

ထို့နောက် ဒုတိယကျီးက..

“ကျွန်ုပ်သိသော အကြောင်းတစ်ခုလည်း ရှိသေးသည်။ မင်းသမီးနှင့် ဘုရင်တို့ နန်းတော်သို့ရောက်လျှင် အလွန်လှပသော မင်းဝတ်စုံတစ်ခုကို ပလ္လင်ပေါ်တွင် တွေ့ရလိမ့်မည်။ ထိုဝတ်စုံသည် ရွှေချည် ငွေချည်များဖြင့် ရက်လုပ်ထားသကဲ့သို့ အလွန်လှပပါသည်။

မင်းသားသည် ထိုဝတ်စုံကို ဝတ်မိသော် အရိုးထိအောင် မီးလောင်ကျွမ်းသေဆုံးရပေလိမ့်မည်။ စင်စစ် ထိုဝတ်စုံမှာ ကန့်ကျောက်နှင့် ကတ္တရာစေးများ ရောစပ်ပြုလုပ်ထားသော ဝတ်စုံသာ ဖြစ်သည်”ဟု ဆိုပြန်၏။

ထိုအခါ တတိယကျီးက...

“ထိုသို့ မဖြစ်ရအောင် ပြုလုပ်ရန် နည်းလမ်းမရှိပါသလော” ဟု မေးမြန်း၏။ ထိုအခါ ဒုတိယကျီးက...

“နည်းလမ်းရှိသည် အဆွေ၊ အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ဝတ်စုံကို ဘုရင်မဝတ်နိုင်မီ ယူ၍မီးထဲသို့ပစ်ခဲ့အံ့။ ဘုရင်သည် ဘေးကင်းမည်သာတည်း။ သို့ရာတွင် ထိုသူသည် ထိုအကြောင်းကို ဘုရင်အား ပြောမိလျှင်ကား ကျောက်ရုပ် အဖြစ်သို့ ကူးပြောင်းရပေလိမ့်မည်”ဟု ပြန်လည်ပြောဆို၏။

တစ်ဖန် တတိယကျီးက...

“အဆွေတို့၊ ထိုမျှနှင့်မပြီးသေးပါ။ ဘုရင်နှင့်မိဖုရားတို့လက်ထပ်ပွဲ ကျင်းပပြီး၍ ကခုန်ပျော်မြူးစဉ် မိဖုရားသည် သွေးဆုတ်ကာ လဲကျမေ့မြောသွားလိမ့်မည်။ ထိုအခါ တစ်စုံတစ်ယောက်သော သူသည် မိဖုရား၏လက်ယာဘက်ရင်မှ သွေးသုံးစက်ကို ထုတ်ယူနိုင်လျှင် မိဖုရားသည် အသက်ရှင်ပေလိမ့်မည်။ သို့ရာတွင် ထိုအကြောင်းကို ထိုသူသည် မည်သူ့အားမျှ မပြောရပါ။ အကယ်၍ ပြောမိပါမူ ထိုသူသည် ကျောက်ရုပ်ဖြစ်ရပေလိမ့်မည်” ဟု ဆို၏။ ထို့နောက် တောကျီးသုံးကောင်တို့သည် ဆက်လက်ပျံသန်းသွားလေ၏။

သစ္စာရှိသောမောင်ညိုမှာ တောကျီးတို့စကားကို ကြားရပြီးသည့်နောက် စိတ်မချမ်းမသာ ဖြစ်နေရှာသည်။ သူသည် ထိုအကြောင်းတို့ကို ဘုရင့်အား ပြန်ပြောပါက သူသည်ကျောက်ရုပ်ဖြစ်သွားပေတော့မည်။ မောင်ညိုသည် မကြံတတ်အောင်ဖြစ်မိလေ၏။ နောက်ဆုံးတွင်ကား သစ္စာရှိသူပီပီ အသက်နှင့်လဲ၍ သခင့်ကို စောင့်ရှောက်ရန် ဆုံးဖြတ်လိုက်လေ၏။ မကြာမီ သူတို့သည် နေရင်းနိုင်ငံသို့ ပြန်ရောက်ကြ၏။ သူတို့သည်ကုန်းပေါ်သို့ တက်မိသည်နှင့်တစ်ပြိုင်နက် တောကျီးများပြောသည့်အတိုင်း ဖြစ်ပွားလေတော့၏။

ဘုရင်သည်မြင်းနီကြီးကိုတက်စီးမည်ပြု၏။ ထိုအခါ မောင်ညိုသည် လျင်မြန်စွာဦးအောင် ခုန်တက်လိုက်လေ၏။ နောက်ကုန်းနှီးတွင် အသင့်ရှိသည့် ဓားမြှောင်ကို ထုတ်၍ မြင်းကို ထိုးသတ်လိုက်လေ၏။

မောင်ညိုအား မနာလိုသော မင်းချင်းတစ်ယောက်က... “ဘုရင်စီးမည့် မြင်းကို သတ်သူသည် ရိုင်းပျလေစွ” ဟု ဟစ်အော်ပြောဆိုလေ၏။

သို့ရာတွင် ဘုရင်ကမူ...

“မောင်ညိုသည် ငါ၏သစ္စာရှိသော ကျွန်ယုံဖြစ်သည်။ အကြောင်းရှိ၍သာ သူပြုခြင်းဖြစ်ပေမည်” ဟု ဆိုလေသည်။ ထို့နောက် သူတို့သည် နန်းတော်သို့ ရောက်ကြလေ၏။ ဤတွင် ဘုရင်သည် ပလ္လင်ပေါ်ရှိ မင်းဝတ်စုံကို ဝတ်ဆင်မည်ပြု၏။ ထိုအခါ မောင်ညိုက ဘုရင့်လက်မှ ယူ၍ မီးရှို့ပစ်ပြန်လေ၏။ ယခင် မင်းချင်းလည်း ရေးနည်းတူ အော်ဟစ်ပြောဆိုပြန်၏။ ထိုအခါ၌လည်း ဘုရင်သည်...

“မောင်ညိုသည် သစ္စာရှိသူ ဖြစ်သည်။ အကြောင်းမဲ့လုပ်ခြင်း မဟုတ်ရာ”ဟု ဆိုပြန်၏။

ထို့နောက် ဘုရင်နှင့်မိဖုရားတို့သည် လက်ထပ်ပွဲကျင်းပပြီးနောက် ပျော်ရွှင်စွာ ကခုန်နေကြစဉ် မိဖုရားသည် သွေးဆုတ်ကာ လဲကျသွားလေ၏။ မျက်ခြည်မပြတ် စောင့်ကြည့်နေသူ မောင်ညိုသည် အလျင်အမြန်ပြေး၍ မိဖုရားအားဖေးမပေး၏။ထို့နောက် မိဖုရား၏ လက်ယာဘက်ရင်မှ သွေးသုံးစက်ကို ထုတ်ယူလိုက်လေ၏။ မိဘုရားလည်း ချက်ချင်းပင် သတိရလာလေသည်။ သို့ရာတွင် ဘုရင်သည် မောင်ညို၏ ရဲတင်းလှသော အပြုအမူကို များစွာအမျက်ထွက်လေတော့သည်။ ထို့ကြောင့် မောင်ညိုကို ဖမ်းဆီးကာ အကျဉ်းချထား၏။

နောက်တစ်နေ့နံနက်တွင် ဘုရင်သည် မောင်ညိုကိုကားစင်တွင်တင်ကာ သတ်မည်ပြုလေ၏။ ထိုအခါ မောင်ညိုသည်ဘုရင်အား နောက်ဆုံးစကားတစ်ခွန်းပြောခွင့်ပြုရန် ခွင့်တောင်းလေသည်။ ဘုရင်ကခွင့်ပြုသော် သူသည် ဖြစ်ပျက်ပုံ အလုံးစုံကို အစအဆုံး ပြောပြလေ၏။ မောင်ညို၏ စကားဆုံးလျှင် ဘုရင်လည်း ချက်ချင်းပင် သူ၏အမှားကို သိကာ မောင်ညိုအား ကားစင်မှချလေ၏။ သို့သော် နောက်ကျခဲ့လေပြီ။ စကားဆုံးသည်နှင့်တစ်ပြိုင်နက် မောင်ညိုသည် လဲကျကာ ကျောက်ရုပ်ဖြစ်သွားလေ၏။ ဘုရင်သည် မောင်ညို၏ကျောက်ရုပ်ကို သူ၏အဆောင်တွင်းသို့ယူကာ သူအိပ်သော သလွန်အနီး၌ ထားလေသည်။

သူသည်မကြာခဏ ကျောက်ရုပ်ကို ကြည့်ကာ မည်သည့်နည်းဖြင့် အသက်ပြန်ဝင်အောင် ပြုလုပ်ရပါအံ့နည်းဟု မြည်တမ်း ငိုကြွေးတတ်လေသည်။

ကာလအတန်ကြာသော် မိဖုရားတွင် သားတော်နှစ်ပါး ထွန်းကားခဲ့လေ၏။ တစ်နေ့သောအခါ မိဖုရားသည် သားတော်နှစ်ပါးကို ဘုရင်နှင့်ထားခဲ့ကာ ဘုရားကျောင်းသို့ သွားလေ၏။ ဘုရင်သည် ကျောက်ရုပ်ကိုကြည့်ကာ ယခင်ကကဲ့သို့ မြည်တမ်းငိုကြွေးပြန်လေ၏။ ထိုခဏ၌ ကျောက်ရုပ်သည် လှုပ်ရှားလာကာ...

“မင်းကြီး၊ သင်သည် အမှန်ပင် ကျွန်ုပ်ကို အသက်ပြန်ရှင်စေလိုပါလျှင် သားတော်နှစ်ပါး၏ ဦးခေါင်းများကို ဖြတ်ပါလေ။ သူတို့၏သွေးဖြင့် သွန်းလောင်းပါက ကျွန်ုပ်သည် မုချ အသက်ပြန်ရှင်ပါအံ့”ဟု ပြောဆိုကာ ငြိမ်ဆိတ်သွား၏။

ဘုရင်သည် ပထမတွင် စိတ်ထိခိုက်လှသဖြင့် မည်သို့မျှ ပြန်မပြောနိုင်ရှိလေ၏။ ထို့နောက် သူတို့အပေါ် မောင်ညို၏ သစ္စာရှိပုံများကို တဖြည်းဖြည်း တွေးမိလာသောအခါ ကလေးများ၏ခေါင်းကို ဖြတ်ရန် ဓားအိမ်မှ ဓားကိုဆွဲထုတ်လိုက်လေတော့၏။ သို့သော် သူသည် အကယ်ပင် ကလေးများ၏ ခေါင်းကိုဖြတ်ရန် မလိုတော့ပေ။ သူဓားကို ဆွဲထုတ်သည့် ခဏတွင်း၌ပင် ကျောက်ရုပ်သည် အသက်ပြန်ဝင်လာပြီး ဖြစ်လေသည်။

“မင်းကြီး ကျွန်ုပ်အပေါ်ထားရှိသော သင့်စေတနာသည် မှန်ကန်လွန်းလှသဖြင့် အကျိုးဖြစ်ထွန်းရလေပြီ” ဟု မောင်ညိုက ဆိုလေသည်။

ဘုရင်ကား ဝမ်းမြောက်၍ မဆုံးတော့ပြီ။ သူသည် မိဖုရားပြန်လာသည်ကို မြင်သောအခါ မိဖုရား၏စိတ်ကို စမ်းလိုသဖြင့် မောင်ညိုနှင့် ကလေးများကို အခန်းတစ်ခန်းထဲတွင် ဝှက်ထားလိုက်လေ၏။ ထို့နောက် မိဖုရားအား...

“ဘုရား ဝတ်ပြုပြီးခဲ့ပြီလော”ဟု မေးမြန်း၏။ မိဖုရားက...

“ပြီးခဲ့ပါပြီ၊ သို့ရာတွင် နှမတော်တို့အတွက် မောင်ညို အနစ်နာခံ၍ဆောင်ရွက်ခဲ့သည်တို့ကို တွေးမိကာ စိတ်မဖြောင့်နိုင်ပါ” ဟု ပြန်ပြော၏။ ထိုအခါဘုရင်က သူတို့သည် ကလေးနှစ်ယောက် အသက်ကို ပေးအပ်ခြင်းဖြင့် မောင်ညိုအား အသက် ပြန်ရှင်စေနိုင်မည်ဖြစ်ကြောင်း ပြောပြလေ၏။ ပထမ၌ မိဖုရားသည် အလွန်ထိတ်လန့်တုန်လှုပ်သွားလေသည်။ သို့ရာတွင် နောက်ဆုံး၌မူ...

“ပြုချင်သလိုသာပြုပါ၊ မောင်ညို အသက်ပြန်ရှင်လျှင် တော်ပါပြီ”ဟု ဆိုလေသည်။ ဘုရင်လည်း သူနှင့် စိတ်ချင်းထပ်တူဖြစ်နေသော မိဖုရား အတွက် ဝမ်းမြောက်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် မောင်ညိုနှင့် ကလေးနှစ်ယောက်ကို ဝှက်ထားရာမှ ခေါ်ယူပြီးလျှင် မိဖုရားအား အကြောင်းစုံ ပြောပြလေ၏။ မိဖုရားလည်း ဝမ်းမြောက်စွာဖြင့် သားနှစ်ယောက်နှင့် မောင်ညိုကို ဖက်ယမ်းနှုတ်ဆက် ရှာလေသည်။ ထိုနေ့မှစ၍ သူတို့သည် အသက်ထက်ဆုံးပျော်ရွှင်စွာ အတူတကွ နေထိုင်ကြလေသတည်း။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

### ညို

ကိုးခွင်တိုင်းလည်း ဆိုင်း၍ညို။
မိုးပြင်ဝိုင်းလည်း မှိုင်း၍ညို။
ပတ်ဝန်းကျင် မျှော်ကာကြည့်
မှိုင်းရီရီ့ ညို။
သို့ကတဲ
ချစ်သဲက မငြင်ပြို
ဘာကိုမှ မှုမထား။
ညိုရုံကပါဘု
ဘုံဘဝ အဇ္ဈာက
မိုးဒေဝါ ကိုယ်တိုင်ဆင်းစေတော့
သက်နှင်းမောင် နေခြည်လဲ့မှာ
ခိုတဲ့ကာ တမေဝံ့မှာပေါ့
ရှိန့်ရမှာလား။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# လူငယ်များနှင့် မျှဝေခံစားသောအမြင်

လူငယ်များသည် အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သောအခါ ပူးပေါင်းဆောင်ရွက်တတ်သော စိတ်ဓာတ်ရှိရန်လိုသည်။ ယင်းစိတ်ဓာတ်နှင့် စိတ်ဝင်စားဖွယ်ကောင်းသော အိုင်ဒီယာများကို အသင်းအဖွဲ့အတွင်း ဖန်တီးနိုင်ရန် အများဆန္ဒသည် အကောင်းဆုံးဖြစ်နိုင်သော အိုင်ဒီယာကို ရရှိစေမည်ဖြစ်သည်။ စစ်မှန်သော အများဆန္ဒကိုရရှိရန် အသင်းအဖွဲ့ဝင်လူငယ်များသည် အသင်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို နားလည်ရန်လိုသည်။ အထောက်အကူပြုရန်လိုသည်။ လူငယ်များတွင် အရေးပါသော ကျွမ်းကျင်မှုအသီးသီးရှိကြရာ ယင်းတို့ကို အသင်းအဖွဲ့တွင် မှန်ကန်စွာပြသနိုင်ရန် အရေးကြီးသည်။ ပြဿနာတစ်ရပ်ကိုရှုမြင်ရာတွင် လူငယ်များအနေဖြင့် မျှဝေခံစားသောအမြင်ဖြင့် ရှုမြင်ရန်လိုသည်။ ယင်းအပြင် ဖွံ့ဖြိုးတိုးတက်မှုသာ ပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် ပါဝင်ပတ်သက်နေသော အခြားရွေးချယ်စရာနည်းလမ်းများရရှိလာမည်ဖြစ်သည်။

လူငယ်များအနေဖြင့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းထမ်းဆောင်လိုသောအသိဖြင့် အသင်းအဖွဲ့ဝင်များအဖြစ် ပါဝင်လာကြသည်။ အသင်းအဖွဲ့ဝင်တစ်ဦးချင်းစီတွင် ခံစားချက်များ မတူညီတတ်ကြချေ။ အသင်းအဖွဲ့ဝင်လူငယ်များသည် choice B ထက် choice A ကို ပိုကြိုက်ကြောင်း၊ ဘာကြောင့် သူတို့ယူဆသလဲဆိုသည်ကို ပွင့်လင်းရိုးသားစွာတင်ပြရန်လိုအပ်သည်။ ယင်းအနေအထားကို ဖွင့်ဟပြောဆိုခြင်းသည် အများဆန္ဒ အလေ့အကျင့်ပေါ်ထွန်းရေးအတွက် ပထမအဆင့်ဖြစ်သည်။

လူငယ်များသည် အသင်းအဖွဲ့အတွင်း အရေးကြီးသောအကြောင်းအရာ တစ်ခုတည်းပေါ်တွင် သွက်လက်စွာ ဆွေးနွေးမှုကို ဆောင်ရွက်တတ်ရန်လိုသည်။ အသင်းအဖွဲ့အနေဖြင့် ဖြစ်ပေါ်တတ်သောအခြေအနေနှင့် ပြဿနာများကို အများဆန္ဒဖြင့် သဘောတူညီမှုရရှိရန် မျှဝေခံစားသောအမြင်ကို လေ့ကျင့်ပျိုးထောင်ရန်လိုသည်။ ယင်းသို့အများဆန္ဒနှင့်ပတ်သက်သော အလေ့အကျင့်ကို ကြိုးပမ်းရာတွင် တက်ကြွစွာနားထောင်တတ်ရန်လိုသည်။ ပွင့်လင်းသော စိတ်ထားရှိရန်လိုသည်။ အကြောင်းပြချက်များ တင်ပြရန်လိုသည်။ အများဆန္ဒနှင့် လိုက်လျောညီထွေသော အလေ့အကျင့်ကို ဖော်ဆောင်နိုင်ရန် အသင်းအဖွဲ့၏ဆုံးဖြတ်ချက်များကို ချင့်ချိန်စဉ်းစားတွေးတောရန် အရေးကြီးသည်။ ဆုံးဖြတ်ချက်ကို အဖွဲ့ဝင်အားလုံး လက်ခံလာအောင် မည်သည့်အခြေအနေက ဖန်တီးပေးသလဲဆိုသည်ကို သိရှိရန်လိုသည်။

အသင်းအဖွဲ့တွင်ပါဝင်ရင်း လူငယ်များသည် ဆွေးနွေး ငြင်းခုံ အလေ့အထ ရရှိလာမည်။ တစ်ခါတစ်ရံ စစ်မှန်သော အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်ကို တွေ့ရတတ်သည်။ ဤတွင် အသင်းအဖွဲ့သားများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်သည် အရေးကြီးလာသည်။ ယင်းစွမ်းဆောင်ရည်နှင့်အတူ လူငယ်များသည် အများဆန္ဒနှင့်အညီလုပ်ဆောင်သော အလေ့အကျင့်ရရှိလာမည်ဖြစ်သည်။ အများဆန္ဒသည် ဆွေးနွေးမှုမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အသင်းအဖွဲ့ဝင်လူငယ်များအနေဖြင့် အများဆန္ဒ အသိတရားနိုးကြားစေရန် အောက်ပါတို့ကို သိထားရမည်ဖြစ်သည်။

**(၁) အများဆန္ဒဘယ်လိုအလုပ်ဖြစ်သလဲ**

အသင်းအဖွဲ့ဝင်လူငယ်များသည် ဘာကို မျှော်လင့်ထားရမလဲဆိုတာ နားလည်ဖို့လိုအပ်သည်။ ဤသို့ဖြင့် လူငယ်များ ကျွမ်းကျင်မှုအသစ် ရရှိလာမည်ဖြစ်သည်။

**(၂) အသင်းအဖွဲ့ကချမှတ်သော အများဆန္ဒ ဆုံးဖြတ်ချက်များ**

အသင်းအဖွဲ့ဝင်လူငယ်များသည် အသင်းအဖွဲ့၏ လုပ်ဆောင်ချက်မှ ကောင်းမွန်သောရလဒ်တစ်ခုပေါ်တွင် သုံးသပ်လေ့လာကြည့်ရမည်ဖြစ်သည်။ ယင်းရလဒ်ပေါ်တွင် အားကောင်းသော သဘောတူညီမှု ရရှိနိုင်မည်ဆိုသော အလေ့အကျင့်ကို နားလည်ထားရန်လိုသည်။

**(၃) အများဆန္ဒဆိုင်ရာ အပြုအမူများအပေါ် နားလည်ခံစားမှု**

လူငယ်များအနေဖြင့် ပွင့်လင်းမှု၊ ထုတ်ဖော်ပြောဆိုမှု၊ နားထောင်တတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်များကို အသင်းအဖွဲ့အတွင်း ပြုမူဆောင်ရွက်ရန်လိုသည်။ အသင်းအဖွဲ့၏ ပြဿနာဖြေရှင်းခြင်းနည်းလမ်းများအပေါ် အများဆန္ဒနှင့်အညီ ဆောင်ရွက်မှုအပြုအမူများ တိုးတက်ရန် အရေးကြီးသည်။


လူငယ်များသိသင့်သော Roy Disney ၏ ဆိုစကားတစ်ခုမှာ “သင့်တန်ဖိုးတွေက ဘာလဲဆိုတာ သိတဲ့အခါ ဆုံးဖြတ်ချက်တွေချဖို့ မခက်ခဲပါ” ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် သဘောမတူညီမှုကို လက်ခံယုံကြည်တတ်ရန်လိုသည်။ မျှဝေခံစားသောအမြင်နှင့် ရှုမြင်ရန်လိုသည်။ အသင်းအဖွဲ့ဟူသည် တူညီသောရည်မှန်းချက်ကို ရှေးရှုပြီး အတူတကွ လုပ်ဆောင်နေခြင်းဖြစ်သည်။ စင်စစ် အသင်းအဖွဲ့ရှိလူငယ်များတွင် ကွဲပြားခြားနားသော ပညာရေး၊ အလုပ်၊ အတွေ့အကြုံ၊ ကြိုက်နှစ်သက်မှု၊ မနှစ်သက်မှု အသီးသီးရှိကြသည်။ ယင်းကွဲပြားခြားနားမှုများမှ ပြဿနာများဖြေရှင်းမှုအပေါ် အာရုံစိုက်ခြင်းဖြင့် စဉ်းစားချင့်ချိန်တတ်သော အတွေးအမြင်များ ရရှိလာမည်ဖြစ်သည်။ မျှဝေခံစားသော အမြင်သည် တစ်ဦးအပေါ်တစ်ဦး နားလည်မှုကို တည်ဆောက်ပေးသည်။ အိုင်ဒီယာများ ဖလှယ်ခြင်းဖြင့် ထိုးထွင်းအမြင်များ ရရှိလာမည် ဖြစ်သည်။

**Ref: Making Team Work by Michel Maginn**

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)





(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၃-၅-၂၀၂၂ ရက်နေ့မှအဆက်**

"သြော်၊ သြော်"

ဦးမြတ်စံဆိုသူ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ တစ်ဖက်ခုံမှ သူ၏အဖော် တင်တင်ရီတို့ခုံသို့ ကူးလာသည်။

"သူ့နာမည် ကိုသော်တာလို့ခေါ်တယ်"

ထိုသူ့ကို တင်တင်ရီနှင့် မိတ်ဆက်ပေးနေပြန်သည်။

"သီချင်းဆိုတာကို ဆရာတွေဘာတွေနဲ့ သင်ဖူးသလားဟင်"

ကိုသော်တာ မေးသည်။

"အနည်းအကျဉ်းပါ"

"ကကော ကတတ်သလား"

ဦးမြတ်စံမေးသည်။

"အနည်းအကျဉ်းလောက်ပါပဲ"

ဦးမြတ်စံနှင့် ကိုသော်တာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ သူတို့ချင်းသာ နားလည်နိုင်သည့် မျက်နှာထားမျိုးဖြစ်လာသည်။

ထိုနောက် သူတို့ ထပ်မံစပ်စုခြင်း မရှိကြတော့။ စကားပင်မပြောဖြစ်။

မီးရထားသည် အရှိန်အဟုန်ပြင်းစွာ ပြေးဆဲ။

မန္တလေးနှင့် ဝေးသည်ထက် ဝေးလာရပြီကို သိသည်။ ယခုအခါ အတိတ်ဟူသည် မှုန်ဝါးခဲ့ရုံမက ပျောက်ကွယ်၍ပင် သွားခဲ့ချေပြီ။ အနာဂတ်သည်သာ မျှော်လင့်အားထားရာ ဖြစ်ခဲ့ရပြီထင်သည်။

တင်တင်ရီ၏ရင်မှာ ထွက်လာခဲ့မိခြင်းအတွက် မှား၍များနေလေပြီလားဟု ပထမဆုံးအကြိမ်အဖြစ် စဉ်းစားမိသည်။ စိုးရွံ့ထိတ်လန့်ရခြင်းများသည် တင်တင်ရီအား ကြီးစိုးလာသည်။

ရှေ့တွင် မည်သို့ ကြုံရဦးမည်မသိ။ အနာဂတ်သည် မည်သို့သောပုံစံမျိုးဖြင့် မိမိအားစောင့်ကြိုနေလေမည် မတွေးတတ်နိုင်။ လှပသော အနာဂတ်ပင်ဖြစ်လေမည်လား၊ အကျည်းတန်သော အနာဂတ်ပင် ဖြစ်လေမည်လား မပြောတတ်။

တစ်စုံတစ်ယောက်အပေါ် အားကိုးချင်စိတ် အလိုလိုပေါ်လာသည်။ ရေနစ်သူကဲ့သို့ ကောက်ရိုးတစ်မျှင်ကိုပင်ဖြစ်စေ အားကိုးအားထားတစ်ခု အနေနှင့် ဆွဲကိုင်ချင်သည်။

သို့ဖြင့်တင်တင်ရီသည်ဦးမြတ်စံတို့အား စကားရောဖွဲ့ရော ပြုမိလေတော့သည်။

ဤသည်မှာလည်း အကြောင်းရှိသည်။ သူတို့နှစ်ယောက်သည် တင်တင်ရီအား လိုလားနှစ်သက်ပုံပြသည်။ ရိုးသားတည်ကြည်သည့် မျက်နှာထားရှိသည်။ အသက်အရွယ်ကြီးရင့်သူများလည်း ဖြစ်ကြသည်။ ထိုအတွက် တင်တင်ရီ ရောနှောမိခြင်းဖြစ်သည်။

"အဘက ရန်ကုန်ကပဲလားဟင်"

တင်တင်ရီ မေးသည်။ ဦးမြတ်စံက ခေါင်းညိတ်ပြသည်။

"ဒါထက် သမီးက ရန်ကုန်ဘယ်အပိုင်းကို သွားမှာလဲ" ပြန်မေးသည်။

တင်တင်ရီ လိပ်စာစာရွက်ထုတ်ယူရသည်။ သွားမည့်နေရာကို ပြောရသည်။

"အဲဒီနေရာကို သွားတတ်တယ်ပေါ့နော်"

တင်တင်ရီ ရုတ်တရက်မဖြေတတ်။

နောက်မှဆိုမိသည်။

"အမှန်ပြောရရင်တော့ အဲဒီနေရာကို ကျွန်တော်မသွားတတ်ပါဘူးအဘ။ ရန်ကုန်ရဲ့ ဘယ်နေရာကိုမှ မသွားတတ်ပါဘူး။ ကျွန်တော် ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးပါဘူး"

တင်တင်ရီ၏စကားကို ဦးမြတ်စံ အံ့သြဟန်မပြပေ။

"ထင်ပါတယ်။ ဒါကြောင့်မေးတာ။ အဲဒီအိမ်က သမီးနဲ့ ဘာတော်သလဲဟင်"

"ဘာမှ မတော်ပါဘူး။ အို တစ်ခါမှတောင် မြင်ဖူးကြတာမဟုတ်ဘူး"

"ကျွတ်၊ ကျွတ်"

ဦးမြတ်စံညည်းသည်။

"ကလေးရယ်၊ မသမာတဲ့ လူတွေနဲ့များ တွေ့သွားရင် ကလေးရဲ့ဘဝကို တွေးရဲစရာတောင် မရှိဘူး။ ရန်ကုန်ဆိုတာ မြို့ကြီးကွယ့်။ အင်မတန်လည်းရှုပ်ထွေးတယ်။ မိုက်ရူးရဲလုပ်တယ်ဆိုတာ နေရာတကာတိုင်းမှာ ကောင်းတတ်တာမျိုး မဟုတ်ဘူး"

ယခုမှပင် တင်တင်ရီမှာ ပို၍ကြောက်လန့်လာသည်။ ပို၍ချောက်ချားလာသည်။ မငိုမိစေရန် မနည်းချုပ်တည်းထားရသည်။

"ဒါပေမဲ့ အခုမှတော့ မပူပါနဲ့ကွယ်။ အဘတို့ ကူညီပါ့မယ်။ ရန်ကုန်ရောက်လို့ သမီးသွားမယ့်အိမ်ကို သွားချင်သွား၊ အဘတို့အိမ်မှာ တည်းချင်တည်း၊ ဒါမှမဟုတ်လို့ မန္တလေးပြန်မယ်ဆိုရင်လည်း ပြန်ပေ့ါ"

သည်တော့လည်း တင်တင်ရီမှာ ဦးမြတ်စံကို ထိုင်ကန်တော့ချင်လောက်အောင် ဖြစ်လာသည်။

ဦးမြတ်စံတို့က တင်တင်ရီအတွက် နံနက်စာဝယ်ကျွေးသည်။ လမ်းတစ်လျှောက်လုံး စားသောက်ဖွယ်တွေ့လျှင်ဝယ်၍ တယုတယကျွေးကြသည်ပင်။

"အဘတို့ မန္တလေးကလာတာ မဟုတ်လား"

တင်တင်ရီ၏ အမေး။

ဦးမြတ်စံတို့ကို ကြည့်ရသည်မှာ များစွာရွှင်ရွှင်ပျပျ မရှိလှကြောင်း တင်တင်ရီတွေ့ရသည်။ သူတို့သည် တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက်ဖြစ်ရဟန်တူသည်။ တင်တင်ရီနှင့် ရယ်မောပြောဆိုနေသော်လည်း တစ်ခါတစ်ရံ မျက်နှာများ အိုစာသွားတတ်သည်။ သူတို့၏ရှိရင်းစွဲ ဒုက္ခကို မကြာခဏ သတိရမိကြပုံပေါ်သည်။

ထိုကြောင့်လည်း ၎င်းတို့၏ ဒုက္ခကို ဝေမျှခံစားနိုင်ရန် တင်တင်ရီ စကားစမိခြင်းဖြစ်သည်။

"ဟုတ်တယ် မန္တလေးကလာတာ"

"နေတာကတော့ ရန်ကုန်မှာပေ့ါ"

"ဒါပေ့ါ"

"မန္တလေးကို ဘာလာလုပ်တာလဲ ဟင်"

စောစောကတော့ သူတို့က မေးခွန်းထုတ်သူ၊ တင်တင်ရီက အဖြေပေးရသူ၊ ယခုမူ ပြောင်းပြန်ဖြစ်နေသည်။ တင်တင်ရီအမေးကို သူတို့ပြန်ဖြေနေရသည်။

"အဘတို့ မန္တလေးကို လာရတဲ့အကြောင်း ပြောရမှာက အရှည်သားကွယ့်။ ဒီလို၊ အဘတို့က အငြိမ့်ထောင်တယ်။ ဒါနဲ့ အသက်မွေးဝမ်းကျောင်းလာတာ ကြာလှပြီ။ ဒီနှစ်အငြိမ့်ကဖို့အတွက် နယ်က စရန်ငွေတွေဘာတွေ ယူ၊ ဇာတ်လည်းအသားကျ တိုက်ထားပြီးနေပြီ။ အဲဒီအချိန်မှာ အဘတို့အငြိမ့်က ခေါင်းဆောင်မင်းသမီး ယောကျ်ားနောက်လိုက်ပြေးတယ်။ အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ပြုတယ်ဆိုတာ မဆန်းပါဘူး။ သူ့ကို အဘတို့ ခွင့်လွှတ်ပါတယ်။ တင့်တောင်းတင့်တယ် လက်ထပ်ဖြစ်အောင် ကူညီခဲ့တယ်။ ဒါပေမဲ့ ခက်တာက သူအငြိမ့်ပြန်မကတော့တာပဲ။ သူ့ယောကျ်ားက ဆရာဝန်ဆိုတော့ အငြိမ့်ပြန်ကမှာကို မလိုလားဘူး။ စပေါ်ငွေကို ပြန်လျော်တယ်။

"ဒီလိုနဲ့ ခေါင်းဆောင်မင်းသမီး အရှာထွက်ရင်း အဘတို့ရဲ့ ကျေးဇူးမကင်းတဲ့ မင်းသမီးတစ်လက် မန္တလေးမှာရှိတာ သတိရလို့ မန္တလေးကိုလာတာ။ ဒီကျတော့ သူက အဘတို့ကို ကူညီချင်စိတ်ရှိပါတယ်။ အကြာကြီးမဟုတ်တောင် တစ်နှစ်လောက်ကပေးချင်တယ်။ ခက်တာက သူ့အနေနဲ့ မန္တလေးကမခွာနိုင်တာဘဲ။ အဘတို့ အနေနဲ့ကလည်း မန္တလေးကို ပြောင်းလာလို့ကမဖြစ်။ ဒီလိုနဲ့ တပ်လန်ပြန်ကြရတယ်ဆိုပါတော့"

ဦးမြတ်စံတို့၏ အခက်အခဲမှာ မသေးလှပါကလားထင်သည်။ ပူမည်ဆိုလျှင် ပူစရာပင်။

"အဲဒီတော့ ဘယ်လိုလုပ်မလဲ အဘ"

"ဒါကြောင့် ဦးနှောက်ခြောက်နေတာပေ့ါ။ မတတ်သာတဲ့အဆုံး စရန်ငွေပြန်လျော်ပြီး အငြိမ့်အဖွဲ့ကို ဖျက်ပစ်ရတော့မှာပဲ"

တင်တင်ရီမှာ ဦးမြတ်စံတို့အတွက် စိတ်မကောင်းဖြစ်လာရသည်။ သက်ပြင်းရှိုက်မိသည်။

"စိတ်ညစ်လို့ မြစ်ကမ်းနံဘေး သွားထိုင်နေလိုက်ပါ၊ မြစ်လယ်က သပွတ်အူတစ်ထွေး မျောလာရောဆိုတာလို ဖြစ်နေပြီလားတင်တင်ရီ"

ကိုသော်တာကမူ ရယ်စရာပြောနိုင်ပေသေးသည်။

ဦးမြတ်စံ၏မျက်နှာသည် တည်ကြည်နေသည်။ ငြိမ်သက်နေသည်။ အဝေးဆီသို့ ငေးကြည့်ရင်းမှ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။

အတော်ချည်းကြာမှ လှုပ်ရှားလာသည်။ တင်တင်ရီ၏မျက်နှာကို စူးစိုက်ကြည့်သည်။

"ဒီမယ် အဘတို့ သမီးကိုကူညီတာက တစ်ပိုင်းထား။ အဘအနေနဲ့ သမီးကို အားထားချင်တာတစ်ခုရှိတယ်။ ဒါကို အကူအညီပေးတဲ့အတွက် ပြန်ပြီးတောင်းခံတာလို့ မထင်စေချင်ဘူး"

ဦးမြတ်စံက အလေးအနက်ဆိုသည်။ တင်တင်ရီသည် သူ၏စကားကို အလေးအနက်နားထောင်ရသည်။

"ဒီလို၊ စောစောပိုင်းက သမီးလုပ်သွားပုံကလေးကို အဘ တော်တော်သဘောကျမိတယ်။ အဘတို့ ဇာတ်ခုံမှာဆိုရင်တော့ ရုပ်ပြောင်းရုပ်လွဲ လုပ်တာပေ့ါ။ ပြီးတော့ သမီးရဲ့အသံနဲ့ ဆိုပေါက်ဆိုလက်ဟာလည်း ပါရမီအခံရှိတယ်ဆိုတာကို ပြနေတယ်။ ဒီတော့"

ဦးမြတ်စံ စကားကိုဖြတ်ထားသည်။ ဆက်၍ပြောရမည့်စကားကို ပိုမိုလေးနက်စေချင်ပုံရသည်။ တင်တင်ရီမှာ အသက်မရှူရဲလောက်အောင် ဦးမြတ်စံ၏စကားကို စိတ်စောစွာ နားစွင့်မိသည်။

"သမီးကို အဘတို့ စမ်းကြည့်ချင်တယ်။ အငြိမ့်မှာ သုံးကြည့်ချင်တယ်။ ဖြစ်နိုင်မယ်ဆိုရင် အဘတို့မှာ လိုအပ်နေတဲ့ ခေါင်းဆောင်မင်းသမီးနေရာကို တင်ချင်တယ်"

တင်တင်ရီ၏ရင်မှာ များစွာလှုပ်ရှားသွားသည်။ မမျှော် လင့်မထင်မှတ်သောစကားကို ကြားရသည့်အတွက် မိမိနားကိုပင် မယုံချင်။ ဘာပြန်ပြောရမည်လည်း မသိတတ်။

စင်စစ် တင်တင်ရီ ကျောင်းကပွဲများ၌ ပါဝင်ခဲ့သည်။ ဇာတ်ခုံပေါ်သို့ တက်ခဲ့သည်ဆိုခြင်းမှာ ဝါသနာအရသော်လည်းကောင်း၊ စိတ်ရှုပ်ထွေး နောက်ကျိခြင်းများကို ဖြေဖျောက်နိုင်ရန်လည်းကောင်း တက်ရောက်ခဲ့မိခြင်းဖြစ်သည်။ ယင်းအလုပ်ဖြင့် အသက်မွေးရန် ရည်ရွယ်ရင်းစွဲမရှိ။ မိမိကိုယ်ကို အကယ်တန္တိ မင်းသမီးဖြစ်လာလိမ့်မည်ဟုလည်း မထင်မှတ်ခဲ့ချေ။ အငြိမ့်ခုံပေါ်တက်ဖို့ဆိုသည်ကို အိပ်မက်မျှမမက်စဖူး။

"ဒါ၊ ဒါတော့ ဖြစ်နိုင်မယ်မထင်ဘူး အဘ။ ကျွန်တော် ဒီ၊ ဒီလောက်စွံမှာမဟုတ်ပါဘူး"

တင်တင်ရီ အထစ်ထစ် အငေ့ါငေ့ါ ပြန်ပြောမိသည်။

"ဖြစ်မှာပါကွယ်။ မင်းရဲ့ ရုပ်ရည်ကလေးနဲ့ အချိုးအဆက်နဲ့ဆိုရင် ဖြစ်မှာပါ။ အသံကလည်း အကောင်းသားပဲဟာ"

ကိုသော်တာက ဝင်ရောက်တိုက်တွန်းသည်။ သို့တိုင်အောင် တင်တင်ရီ ငြင်းမြဲ။ ဘူးခံမြဲ။ ခေါင်းခါမြဲ။

မည်သို့မျှ ဖျောင်းဖျ၍မရခဲ့။ သည်တစ်ချက်ကို တင်တင်ရီ ခေါင်းမာစွာငြင်းသည်ပင်။

သို့ဖြင့် ဦးမြတ်စံရော ကိုသော်တာပါ တင်တင်ရီကို လက်မြှောက်သွားခဲ့ကြရသည်။ အရှုံးပေးခဲ့ကြရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ဒီမယ် အဘတို့ သမီးကိုကူညီတာက တစ်ပိုင်းထား။**

**အဘအနေနဲ့ သမီးကို အားထားချင်တာတစ်ခုရှိတယ်။**

**ဒါကို အကူအညီပေးတဲ့အတွက် ပြန်ပြီးတောင်းခံတာလို့ မထင်စေချင်ဘူး"**

**ဦးမြတ်စံက အလေးအနက်ဆိုသည်။**

**တင်တင်ရီသည် သူ၏စကားကို အလေးအနက်နားထောင်ရသည်။**

**"ဒီလို စောစောပိုင်းက သမီးလုပ်သွားပုံကလေးကို အဘတော်တော်သဘောကျမိတယ်။**

**အဘတို့ ဇာတ်ခုံမှာဆိုရင်တော့ ရုပ်ပြောင်းရုပ်လွဲလုပ်တာပေ့ါ။**

**ပြီးတော့ သမီးရဲ့အသံနဲ့ ဆိုပေါက်ဆိုလက်ဟာလည်း ပါရမီအခံ . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလောက်ကိုင်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများစုပေါင်း၍ မေ ၁၄ ရက် ညနေ ၃ နာရီက မဟာဗောဓိညောင်ပင် ညောင်ရေသွန်းလောင်းခြင်းအခမ်းအနား ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

# ဖူးပွင့်မျိုးစေ့ထုတ် သမဝါယမအသင်းက ပခန်းရွှေဝါနှင့် ဆင်းသုခမျိုးစပါးများ စိုက်ပျိုး

ပွင့်ဖြူ မေ ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဖူးပွင့်မျိုးစေ့ထုတ်သမဝါယမအသင်းက မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာတွင် ပခန်းရွှေဝါနှင့် ဆင်းသုခမျိုးစပါးဧက ၆၀ စိုက်ပျိုးထားရှိပြီး အသင်းမှ မျိုးစေ့ထောက်ပံ့ပေးခြင်း၊ သွင်းအားစုများနှင့် နည်းပညာပံ့ပိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အသင်းအနေဖြင့် မျိုးစပါးများထွက်ရှိလာပါက ပွင့်ဖြူမြို့နယ်အတွင်းသာမက ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများသို့လည်း ဖြန့်ဖြူး၍ တောင်သူများ၏ မျိုးစပါးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■



# ပဲခူးမြို့ ဇောင်းတူ(၂)ဘိနယ် ကျောက်ဖားသစ်တောစခန်း၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပဲခူး မေ ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ၂၀၂၂ ခုနှစ် မိုးရာသီအကြိုကာလတွင် ဇောင်းတူ(၂)ဘိနယ် ကျောက်ဖားသစ်တောစခန်းအနီး သစ်တောသစ်ပင်များစိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေးနှင့်ကာကွယ်ထိန်းသိမ်းနိုင်ရေးတို့အတွက် ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနသည် သစ်တောသစ်ပင်များထိန်းသိမ်းခြင်းနှင့် သစ်တောစိုက်ခင်းများထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ဒေသအပူချိန်လျော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွန်းပျိုးပင် ၅၁၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ပဲခူးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ တိုက်ကြီးစခန်း၊ ဇောင်းတူစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များ၊ ဇောင်းတူကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်ကျေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မိုးရာသီအကြို သစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ မိုးရာသီကျေးရွာသုံးထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက မန်ဂျန်ရှားသစ်မျိုးပင် ၂၄၂၀ စိုက်ပျိုး

ရန်ကုန် မေ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စု ကရင်ကျွန်းချောင်းကျေးရွာတွင် ၂၀၂၂ ခုနှစ် မိုးရာသီကျေးရွာသုံး ထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက မန်းဂျန်ရှားသစ်မျိုးပင် ၂၄၂၀ စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးရဲမင်းအောင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ဝင်းမြင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြင့်ဦး



❖

# လှည်းကူးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လှည်းကူး မေ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့ နံနက် ၉ နာရီက သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် တာဝန်ရှိသူများနှင့်အတူ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဂုံမင်းလျှိုကျေးရွာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟန်သီရိဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာကုန်ထုတ်လမ်း (ဂဝံမြေသား) လမ်းအရှည် ပေ ၃၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဝင်းမြင့်ဟန်၊ ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် ကုမ္ပဏီတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

ဉာဏ်ဟိန်း



# တောင်သူများအား မက္ကဒေးမီးယားပျိုးပင်များနှင့် ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများထောက်ပံ့ခြင်း အခမ်းအနားကျင်းပ

ပြင်ဦးလွင် မေ ၁၅

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့ စိုက်ပျိုးရေးဦးစီးဌာန မြန်မာ-ခါနန်တောင်သူလယ်သမား သင်တန်းကျောင်းတွင် တောင်သူများအား မက္ကဒေးမီးယားပျိုးပင်များနှင့် မက္ကဒေးမီးယားထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင်ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးက အခမ်းအနားဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဒုတိယပြည်နယ် ဦးစီးမှူး ဦးမောင်မောင်အေး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ကျောက်မဲခရိုင်ဦးစီးမှူး၊ နောင်ချိုမြို့နယ် ဦးစီးမှူး၊ နောင်ချိုမြို့နယ် မက္ကဒေးမီးယားခြံ တာဝန်ခံ၊ မြန်မာမက္ကဒေးမီးယား အသင်းဝင်များနှင့်တောင်သူများ တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ စတုတ္ထအသုတ်ဖြင့် ဆောင်ရွက်သည့် မက္ကဒေးမီးယားခြံငယ်ရှင်များ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအထောက်အပံ့ဖြင့်မက္ကဒေးမီးယားပျိုးပင် ၃၀၂၈၂ ပင်၊ မက္ကဒေးမီးယား ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာများ ဖြစ်သည့် မက္ကဒေးမီးယားအခွံမာခွဲ ကိရိယာ ၂၀၀ နှင့် မက္ကဒေးမီးယားအခွံစိမ်းနွှာစက် ခြောက်လုံးတို့ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မက္ကဒေးမီးယားစိုက်ပျိုးသော တောင်သူ ၁၁၈ ဦးတို့အား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါစီမံကိန်းအား အမေရိကန်ဒေါ်လာ ၃၈၄၃၀၀ ဖြင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလမှာ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား

❂ ကျောဖုံးမှ

မြန်မာဝူရှူးအဖွဲ့သည် ပြိုင်ပွဲနောက်ဆုံးနေ့မှ ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းရွှေဆုကို သိန်းသန်းဦးက ရယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာဝူရှူးအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား (ထောက်လု) နန်းကွန့်ပြိုင်ပွဲမှ သိန်းသန်းဦး၊ ငွေတံဆိပ်ဆုကို အမျိုးသမီး (ထောက်လု) ချန်းစုပြိုင်ပွဲမှ စန္ဒီဦး၊ အမျိုးသမီး (ဆန်းဆို) ၆၀ ကီလိုတန်းတွင် ဆုလှိုင်ဝင်း၊ ကြေးတံဆိပ်ဆုများကို အမျိုးသမီး (ဆန်းဆို) ၅၂ ကီလိုတန်းတွင် ချယ်ရီသန်း၊ အမျိုးသား (ဆန်းဆို) ၇၀ ကီလိုတန်းတွင် မျိုးမင်းထက်တို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းဝူရှူးပြိုင်ပွဲတွင် တီမောမှလွဲ၍ ကျန်အရှေ့တောင်အာရှ ၁၀ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်ဗီယက်နမ်အသင်းက ရွှေ ၁၀ ခု၊ ငွေ သုံးခု၊ ကြေး ခုနစ်ခုဖြင့် ပထမနေရာတွင် ရပ်တည်ခဲ့သည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံက ရွှေ သုံးခု၊ ငွေ ကိုးခု၊ ကြေး သုံးခု၊ စင်ကာပူနိုင်ငံက ရွှေ နှစ်ခု၊ ငွေသုံးခု၊ ကြေး တစ်ခု၊ ဖိလစ်ပိုင်နိုင်ငံက ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေး ငါးခု၊ မလေးရှားနိုင်ငံက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေး နှစ်ခု၊ မြန်မာနိုင်ငံက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေး နှစ်ခု၊ ဘရူနိုင်းနိုင်ငံက ရွှေတစ်ခု၊ ထိုင်းနိုင်ငံက ငွေတစ်ခု၊ ကြေး နှစ်ခု၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့က ကြေး သုံးခုစီ ဆွတ်ခူးရရှိခဲ့သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–MWF**

❍ ဆီးဂိမ်းမှ

မြန်မာအသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်သော်လည်း အဆုံးသတ်အားနည်းခြင်း၊ စင်ကာပူအသင်း၏ ခံစစ်ကစားပုံကို မကျော်နိုင်ခြင်းတို့ကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ပထမပိုင်းတွင် မြန်မာအသင်း ဂိုးရနိုင်သည့်အခွင့်အရေး သုံးကြိမ်ရခဲ့သော်လည်း ဝင်းသိင်္ဂီထွန်းနှင့် ခင်မာလာထွန်းတို့ အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်း ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ဂိုးရရန် ရုန်းကန်နေရပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုမှသာ အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးကို တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ၉၀+၄ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များပြီး ဆုံးသွားပြီဖြစ်ရာ ထိုင်းနှင့် မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်စီရခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းအသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ကာ သုံးမှတ်ရသည့် စင်ကာပူအသင်းနှင့် အမှတ်မရခဲ့သောလာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အိမ်ရှင်ဗီယက်နမ်အသင်းနှင့် တွေ့ဆုံပြီး ထိုင်းအသင်းမှာမူ ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–VNA**

# မြန်မာအမျိုးသားဘောလုံးအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရ

**ရန်ကုန် မေ ၁၅**

(၃၁) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(က) နောက်ဆုံးနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲအစ ၁၀ မိနစ်အတွင်း နှစ်ဂိုးပေးလိုက်ရခြင်း၊ ဗီယက်နမ်နှင့် ပွဲကဲ့သို့ ခံစစ်ကစားပုံမကောင်းခြင်း၊ နည်းပြပိုပေါ့ဗ်၏ လူထုတ်ပုံလိုအပ်ချက်များရှိနေခြင်းတို့ကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအသင်းသည် ၂၀၁၅၊ ၂၀၁၇၊ ၂၀၁၉ နောက်ဆုံးသုံးကြိမ်ဆက်တိုက် အနိမ့်ဆုံး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သော်လည်း ယခုဆီးဂိမ်းပြိုင်ပွဲတွင်မူ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် မဖြစ်မနေအနိုင်ရရန် လိုအပ်သော်လည်း နည်းပြပိုပေါ့ဗ်အနေဖြင့် အသက်ကျော်ကစားသမားများဖြစ်သည့် မောင်မောင်လွင်၊ အောင်ကောင်းမာန်တို့ကို ပွဲထွက်လူစာရင်းအသုံးမပြုဘဲ ယခင်ပွဲများတွင် အသုံးပြုခဲ့သည့် ကစားသမားအများစုဖြင့်သာ ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ အိမ်ရှင်ဗီယက်နမ်နှင့်ပွဲတွင် အမှားနည်းခဲ့သည့် မြန်မာအသင်း ခံစစ်မှာ ပွဲစကတည်းက အင်ဒိုနီးရှားတိုက်စစ်ကို မထိန်းချုပ်နိုင်ဘဲ အခွင့်အရေးများဆက်တိုက်ပေးခဲ့ရသည်။ ခြောက်မိနစ်တွင် အီဂီ၊ ကိုးမိနစ်တွင် ဝီတန်တို့က အင်ဒိုနီးရှားအတွက် ဂိုးများဆက်တိုက်သွင်းယူခဲ့သည်။ ၁၅ မိနစ်တွင် ရဲလင်းထက်အစား မောင်မောင်လွင်ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ယင်းနောက်ပိုင်းမှ မြန်မာအသင်း တိုက်စစ်ကစားပုံ ကောင်းမွန်လာကာ ဂိုးသွင်းခွင့်များ ပြန်လည်ရရှိခဲ့သည်။ သို့သော် အခွင့်အရေးများကို အသုံးမချနိုင်သဖြင့် ချေပဂိုးပြန်မရဘဲ ပထမပိုင်းပြီးခါနီးတွင် မာဆာလီနီက အင်ဒိုနီးရှားအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးပြန်ရရန် တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ၆၆ မိနစ်တွင် ဝင်းနိုင်ထွန်းက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် သုံးဂိုး-တစ်ဂိုးရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။

အုပ်စု (က) ပွဲစဉ်များအပြီးတွင် အိမ်ရှင်ဗီယက်နမ်အသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံး ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ခြောက်မှတ်ရသည့် မြန်မာအသင်း၊ လေးမှတ်ရသည့် ဖိလစ်ပိုင်အသင်းနှင့် အမှတ်မရသည့် တီမောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

❒ ချယ်လ်ဆီးအသင်းမှ

ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်းမှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရာမှာလည်း ပြတ်သားတဲ့ဂိုးရလဒ်မထွက်ပေါ်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ လီဗာပူးအသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားရရှိမှုမှတ်တမ်းတွင် ချယ်လ်ဆီးအသင်းရဲ့ အက်ဖ်အေဖလားရရှိမှုအကြိမ်အရေအတွက်နဲ့ တူညီသွားခဲ့ပြီဖြစ်ပါတယ်။

နည်းပြကလော့ရဲ့ လီဗာပူးအသင်းဟာ ဖေဖော်ဝါရီလအတွင်းကလည်း ကာရာဘောင်ဖလားဗိုလ်လုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းကို အနိုင်ရပြီး ကာရာဘောင်ဖလားချန်ပီယံဖြစ်ထားတဲ့ အသင်းဖြစ်ပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း နှစ်ပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အမှတ်ပေးဇယားထိပ်က မန်စီးတီးအသင်းနဲ့ လေးမှတ်အကွာ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်ထားနိုင်ခဲ့တာမို့ ပရီမီယာလိဂ်ဖလားရရှိရေးမျှော်လင့်ချက်ရှိနေတဲ့ အသင်းလည်း ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ကစားရမှာဖြစ်လို့ ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာဖို့ရှိနေတာကြောင့် ယခုနှစ် ဘောလုံးရာသီအတွင်းမှာ ဖလားလေးလုံးရရှိရေး မျှော်လင့်ချက်ရှိနေတာဖြစ်ပါတယ်။

**ငွေကြယ်**

# မြန်မာဘော်လီဘောအသင်း နိုင်ပွဲပြန်လည်ရရှိ

**ရန်ကုန် မေ ၁၅**

ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ အုပ်စုပထမပွဲတွင် အင်ဒိုနီးရှားကို အရေးနိမ့်ထားသည့် မြန်မာအသင်းအနေဖြင့် ယခုပွဲအနိုင်ရမှသာ ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သောကြောင့် ကြိုးစားယှဉ်ပြိုင်ရာ နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားကို လက်ရည်အသာဖြင့်ကစားကာ ၂၅–၁၃ မှတ်၊ ၂၅–၁၉ မှတ်၊ ၂၅–၂၂ မှတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၈ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ကိုညီလေး**

# ဆီးဂိမ်း ဖူဆယ်အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် မေ ၁၅**

ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ စတင်ကျင်းပရာ မြန်မာအသင်း ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ခြောက်ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းမှာပင် လေးဂိုးပေးခဲ့ရပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်ပေးခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများနှင့် နှစ်ပေါင်းများစွာ ဝေးကွာနေသည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းအနေဖြင့် ပထမဆုံးပြန်လည်ယှဉ်ပြိုင်ရသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရလဒ်ကောင်းရရန် ရုန်းကန်နေရခြင်းဖြစ်သည်။

အုပ်စုပထမနေ့ အခြားပွဲတွင် ထိုင်းအသင်းက မလေးရှားအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

■

# ရပ်စောက်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပ



**ရပ်စောက် မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက ဇော်ဂျီရပ်ကွက်အတွင်းရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး ယခုပြိုင်ပွဲများတွင် ထူးချွန်သူများအား စိစစ်ရွေးချယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ရပ်စောက်မြို့နယ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။ **ရဲထက်ဦး(ပြန်/ဆက်)**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော်  မေ ၁၅

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွကုန်းဒွေးကြွယ်ရပ်ကွက်ရှိ ဓမ္မရက္ခိတကျောင်းတိုက်၊ မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာရှိ မေတ္တာပါရမီပရဟိတသီလရှင်စာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မင်္ဂလာရွှေကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်ရှိ ရွှေမောင်းတုန်းဘုန်းတော်ကြီးကျောင်းနှင့် ပေါင်းတည်မြို့ မင်းကွက်(၁)ရပ်ကွက်ရှိ သာသနာ့ပါလသီလရှင်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် ပါဠိပထမပြန်စာမေးပွဲနှင့် အခြေပြုမူလတန်းတို့တွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များကို အောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဒက္ခိဏာရာမတောင်ကျောင်းတိုက်တွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က စာအောင်သံဃာတော်တစ်ပါးအား စာအောင်လက်မှတ်နှင့် စာအောင်ဆုဆက်ကပ်စဉ်။

နေလင်း

## အသက် ၃ နှစ်မှ ၇ နှစ်အတွင်းကလေးငယ်များအား ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံပေး

ကြို့ပင်ကောက်  မေ ၁၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် အသက် ၃ နှစ်မှ ၇ နှစ်အတွင်း ကလေးငယ်များအား ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါကုသရေး ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုံဆို့ရောဂါကာကွယ်ဆေးအား အသက်၂နှစ်၊၄နှစ်နှင့်၆နှစ်ကလေးငယ်များအား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုထိုးနှံပေးသောကာကွယ်ဆေးမှာ အပိုဆောင်းကာကွယ်ဆေးဖြစ်ကြောင်း၊ ငယ်ရွယ်သောကလေးငယ်ဘဝမှ ကာကွယ်ဆေးများအကြိမ်ပြည့်ထိုးနှံထားပါက ကူးစက်ရောဂါဘေးအန္တရာယ်များ၏ဒဏ်ကို ခံနိုင်ရည်ရှိပြီး ကျန်းမာပျော်ရွှင်သော မိသားစုဘဝကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့တွင် ဆုံဆို့ရောဂါအပိုဆောင်းကာကွယ်ဆေးကို အသက် ၃ နှစ်မှ ၇ နှစ်အတွင်း ကလေးငယ် ၇၄၀ ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## စာရေးသူတွယ်တာလှိုင်၏ "ယောချောင်းနံဘေးက ရင်ခုန်သံ"ဝတ္ထုစာအုပ်မိတ်ဆက်

ရန်ကုန်  မေ ၁၅

စာရေးသူတွယ်တာလှိုင်၏ "ယောချောင်းနံဘေးက ရင်ခုန်သံ" ဝတ္ထုစာအုပ်မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ မူလကမ္ဘာအေးကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါဝတ္ထုသည် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၏ အထင်ကရကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌော၊ ရွှေပေါင်လောင်ဘုရားနှင့် ယောချောင်းသာအကြောင်း၊ လူနေမှုဘဝအကြောင်းများကို အခြေခံ၍ ၂၀၂၀-၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ကာလအတွင်း အသက် ၁၄နှစ်အရွယ် စာရေးသူတွယ်တာလှိုင်က ရေးဖွဲ့ထားခြင်းဖြစ်ပြီး "ယောချောင်နံဘေးက ရင်ခုန်သံ" ဝတ္ထုစာအုပ်ကို စိုးနိုင်စာပေမှ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ဝတ္ထုစာအုပ်နှင့် ပတ်သက်၍ ထုတ်ဝေသူ ဦးစိုးနိုင်က "သမီးကို ကိုဗစ်-၁၉ ကာလ တစ်နေ့ကို အနည်းဆုံးစာအုပ်တစ်အုပ်ဖတ်ခိုင်းပါတယ်။ သမီးကို သုံးတန်းကတည်းက ပုံပြင်စာအုပ်တွေ ဖတ်ခိုင်းရေးခိုင်းပါတယ်။ နောက်ပိုင်းဝတ္ထုတွေ၊ ဓမ္မပဒ၊ ဇာတ်တော်တွေလည်း ဖတ်ခိုင်းပါတယ်။ ဒီနေ့စာအုပ်ထုတ်ဖြစ်တာကတော့ သမီးကို ကိုဗစ်-၁၉ ကာလမှာ အချိန်ကို အကျိုးရှိအောင် အသုံးချနိုင်ဖို့အတွက် စာရေးဖို့အားပေးဖြစ်တယ်။ ဒီလို စာအုပ်လေးဖြစ်လာခဲ့တယ်။ ဒီစာအုပ်လေးထုတ်ပေးဖို့လည်း ရည်ရွယ်ချက်ရှိခဲ့ပါတယ်"ဟု ဆိုသည်။

စာရေးသူ တွယ်တာလှိုင်ကလည်း "သမီးက အသက် ၁၄ နှစ်ရှိပါပြီ။ ရေးရတဲ့ရည်ရွယ်ချက်ကတော့ ရွှေမုဋ္ဌော၊ ရွှေပေါင်လောင်ဘုရား သမိုင်းတွေကို လူသိစေချင်တဲ့ ရည်ရွယ်ချက်ပါ။ ဒီဝတ္ထုကိုရေးခဲ့တာ အကောင်းဆုံးကြီးမဟုတ်ပေမယ့်လည်း တတ်စွမ်းသလောက်ကြိုးစားပြီး ရေးထားပါတယ်။ စာဖတ်ပရိသတ်ကလည်း သမီးရဲ့စာအုပ်လေးကို ဖတ်ပြီးဝေဖန်သုံးသပ်ပေးကြပါ" လို့ မိမိဝတ္ထုအပေါ် ကြိုးစားရေးသားထားကြောင်း ပြောသည်။

တွယ်တာလှိုင်ရဲ့ ဝတ္ထုစာအုပ်နှင့် ပတ်သက်၍ စာရေးဆရာ ဒါရိုက်တာ အောင်စိုးဦးက "ကျွန်တော်က လုံးချင်းဝတ္ထုတွေ၊ ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးခဲ့ပါတယ်။ ဒါရိုက်တာအဖြစ် နော်ရင်မွှေးကို ရိုက်ခဲ့ပြီး ဇာတ်ညွှန်းအနေနဲ့ သဏ္ဍာန်မိုးရေးခဲ့ပါတယ်။ ဒီလိုအသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ရသစာပေရေးတာကို ကြိုဆိုပါတယ်"ဟု ပြောသည်။

ထို့နောက် စာရေးဆရာ မိချမ်းဝေ၊ စာရေးဆရာအယ်ဒီတာ ဝင်းနွယ် (ပုသိမ်) တို့က မုဒိတာစကား ပြောကြားကြသည်။

မွှေးမွှေး


### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ်(၂၈)ဟုခေါ်တွင်သည့် (၁)ခန်းတွဲ (၈)ထပ်တိုက်မှ အဆောက်အဦမှ ပေ(၃၀x၆၀)အကျယ်အဝန်းရှိ (၆)ထပ်/(၇)လွှာ၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခွေးဖြူ[၆/မအရ(နိုင်)၀၈၃၆၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်လင်းထွဋ်(LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၀၂)**
**တိုက်(၆)၊ အခန်း(၁၉)၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၂၃၂၅၅၊ ၀၉-၈၈၇၇၈၈၂၄၇**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၇)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ်(၇၆၆)၊ (အလျား၄၀ပေxအနံ၆၀ပေ) ဧရိယာအကျယ်အဝန်း (၀.၀၅၅)ဧက၊ စတုရန်းပေ (၂၄၀၀) အကျယ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဦးစီးဌာနတွင် ဦးသန်းဝင်း AC-၁၄၈၉၂၃ အမည်ရှိပါမစ်မြေကွက်၏ (ခြေရင်းဘက်အခြမ်း) အမှတ်(၇၆၅)နှင့်ကပ်လျက် (အလျား၂၀ပေxအနံ၆၀ပေ)၊ ဧရိယာ(၀.၀၂၇၅)ဧက၊ စတုရန်းပေ(၁၂၀၀)အကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုလာသူ ဦးဝင်းကိုကိုအောင် [၁၂/ဥကတ(နိုင်)၁၇၁၂၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေယျာဝင်း [၈/တတက(နိုင်)၀၉၇၈၅၀]က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်းတိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ် (၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀၅၀၆၀၄၃**

### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၂၃၆/၂၀၁၈ မှ တရားရှုံးသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ် (၂၄)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းသိရှိစေသည်မှာ-

(၁၅-၃-၂၀၂၂)ရက် နံနက် (၁၀:၀၀)နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၂၃၆/၂၀၁၈အား သက်ဆိုင်ရာ တရားရုံး ဘီလစ်အရာရှိမှ အပ်ဝရမ်းအတည်ပြုဆောင်ရွက်ရာ နေအိမ်အတွင်းရှိ တရားရှုံးပိုင်ပစ္စည်း(၁၈)မျိုးအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရှေ့မှောက်တွင် လက်မှတ်ရေးထိုးအပ်နှံခဲ့ပါသည်။

အဆိုပါပစ္စည်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထိန်းသိမ်းထားရှိပေးပြီး ယနေ့တိုင် တရားရှုံးမှ လာရောက် ဆက်သွယ်ယူဆောင်ခြင်းမရှိ၍ ဤကြော်ငြာပါရှိသည့်ရက်မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း လာရောက်ယူဆောင်ရန် အသိပေးအပ်ပါသည်။

အကယ်၍ ရက်သတ္တပတ် နှစ်ပတ်အတွင်း လာရောက်ယူဆောင်ခြင်းမရှိပါက ပစ္စည်းများနှင့် စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးမှုများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူခြင်းမပြုနိုင်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစဝင်းမင်းစိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၈၇၉)**
**အမှတ်(၁၅၉၃/က)၊ ဦးဉာဏ(၂)လမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

### အိတ်ဖွင့်တင်ဒါကြေညာချက်

ပဲခူးတက္ကသိုလ်ရှိ ဆိုင်ခန်းများအား(၂၀၂၂-၂၀၂၃)ဘဏ္ဍာနှစ်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းပုံစံ တစ်စုံလျှင် ကျပ်(၂၀၀၀)ကို ငွေစာရင်းဌာနတွင် ပေးသွင်းပြီး လျှောက်လွှာပုံစံရယူ၍ အင်ဂျင်နီယာဌာနတွင် တင်ဒါတင်သွင်းကြပါရန် ကြေညာအပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - (၃၀-၅-၂၀၂၂)(၁၄:၀၀)နာရီတွင် နောက်ဆုံးထား၍လျှောက်ထားသူကိုယ်တိုင်တင်သွင်းရမည်။

၂။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် - (၃၀-၅-၂၀၂၂)(၁၄:၃၀)နာရီ အသေးစိတ်အချက်အလက်များကို ပဲခူးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်းနံပါတ်(၀၉-၇၉၇၆၉၉၀၂၇၊ ၀၉-၅၃၀၂၀၆၈)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

### အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ချောင်းစောက်ကျေးရွာနေ (ဦးမြင့်သိန်း)- ဒေါ်အေးပိုတို့၏ သား၊ မောင်ရဲဇော်အောင် [၁၂/ကတန(နိုင်)၁၂၁၀၈၂] သည် မိခင်ကြီးနှင့် အစ်ကိုအစ်မများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ကြီးနှင့် အစ်ကိုအစ်မများအပေါ် အကြိမ်ကြိမ်မခံမရပ်နိုင်သော ကိစ္စရပ်များ ကျူးလွန်သဖြင့် ၎င်းပေါ် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်းပြဿနာကိစ္စရပ်များအပေါ် မိခင်ကြီး ဒေါ်အေးပိုနှင့် မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးပိုနှင့် မိသား၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းစိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၂၈၅) (၈-၃-၂၀၀၄)**
**အမှတ်-၁၃/၉၊ ကျောင်းလမ်း၊ ဗိုလ်ချုပ်ရွာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၆၅၈၄၅၈၄၉**

### ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ်(၅)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်-၈(က)၊ အကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်၏ ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်နီနီလွင်[၁၂/ရပသ(နိုင်)၀၀၇၇၁၄]၊ ဦးလွင်မျိုးကျော်[၁၂/ ရပသ(နိုင်)၀၀၇၃၀၂]တို့နှင့် အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော လူနေအိမ်၊ ဆိုင်အဆောက်အဦတို့အား အမည်ပေါက် ပိုင်ရှင်များဖြစ်သော ဒေါ်နီနီလွင်နှင့် ၎င်း၏ခင်ပွန်းဦးလွင်မျိုးကျော်တို့မှ ငွေကျပ်သိန်း(၃၀၀၀)(ကျပ်သိန်းသုံးထောင်)တိတိဖြင့် ရောင်းချရန်ကမ်းလှမ်းပြောဆိုခဲ့ပြီး စရန်ငွေကျပ်သိန်း(၁၀၀၀)(ကျပ်သိန်းတစ်ထောင်)တိတိအား ကျွန်ုပ်အမှုသည် ဒေါ်နှင်းထိုက်စိုး[၁၂/ရပသ(နိုင်)၀၄၂၇၅၁]ထံမှ (၁၀-၁၂-၂၀၂၁)ရက်စွဲပါ စရန်ပေးစာချုပ်ချုပ်ဆို၍ အသိသက်သေများရှေ့မှောက်၌ ရောင်းချထားခဲ့ပြီးဖြစ်ပါသည်။

ရောင်းချသူ ဒေါ်နီနီလွင်နှင့် ဦးလွင်မျိုးကျော်တို့မှ အိမ်မြေတန်ဖိုးပေးချေရန်ကျန်ငွေလက်ခံ၍ အထက်ဖော်ပြပါအိမ်မြေအား လွှဲပြောင်းပေးအပ်ရောင်းချပေးရန် ပျက်ကွက်ခဲ့သောကြောင့် ဝယ်ယူသူဒေါ်နှင်းထိုက်စိုးမှ အရောင်းအဝယ်အားပြီးဆုံးတိုင် ဆောင်ရွက်နိုင်မှု မရှိခြင်းသာဖြစ်ပြီး အထက်ဖော်ပြပါ အိမ်မြေအား ဒေါ်နှင်းထိုက်စိုးမှ ကျန်ငွေပေးချေ ဝယ်ယူရန်အသင့်ရှိကြောင်းနှင့် ဒေါ်နှင်းထိုက်စိုးနှင့် ဒေါ်နီနီလွင်၊ ဦးလွင်မျိုးကျော်တို့ချုပ်ဆိုထားသည့် စရန်ပေးစာချုပ်မှာ ယနေ့တိုင်အတည်ဖြစ်လျက်ရှိသောကြောင့် အထက်ဖော်ပြပါအိမ်မြေအား ဒေါ်နီနီလွင်၊ ဦးလွင်မျိုးကျော်တို့မှ ထပ်မံလွှဲပြောင်းရောင်းချခြင်းအား ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းထိုက်စိုး** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ရပသ(နိုင်)၀၄၂၇၅၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်(၇၃၉)၊ မဟာဗန္ဓုလလမ်း၊** | **အမှတ်(၁၉၂)၊ ဗိုလ်ချုပ်လမ်း၊** |
| **(ဏ/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** | **(၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၁

ဒေါ်ရီရီသိန်း **လျှောက်ထားသူ**

ကွယ်လွန်သူ-ဒေါ်လွင်လွင်သိန်း ကျန်ရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ်-၃၆ (၃လွှာ)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ-ဒေါ်လွင်လွင်သိန်း ကျန်ရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ လူနေရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၁၂၇၃၊ ပေ (၄၀x၆၀)၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅) ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသည့် ဒေါ်ရီရီသိန်းက ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပြုလုပ်နိုင်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂) အရ ခွင့်ပြုမိန့်ထုတ်ပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၂၂ ခုနှစ်၊ မေလ(၂၅)ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆုတ် ၁၁ ရက်) နံနက် ၁၀နာရီတွင် ကြားနာရန် ချိန်းဆိုထားသဖြင့် ထိုကွယ်လွန်သူ-ဒေါ်လွင်လွင်သိန်း ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆို လာရောက်အမှုရင်ဆိုင်ပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ အဆိုပါနေ့ရက်အချိန်ထက် နောက်မကျစေဘဲ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့၏ နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာစီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ်၊ မေလ (၁၃)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## တရားဝင်ဇနီးမယားဖြစ်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အနော်မာ(၂)လမ်းအနောက်၊ တိုက်အမှတ်(၅၁)၊ (၄)လွှာနေ ဒေါ်ဌေးဌေးဝင်း (ဘ)ဦးသောင်း၏သမီး [၁၄/ဖပန(နိုင်)၁၁၇၇၀၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။ ဒေါ်ဌေးဌေးဝင်းနှင့် ဦးသိန်းစိုးဦး(ဘ)ဦးပေါ်သိန်း[၁၂/မဂတ(နိုင်)၀၀၃၀၈၄]ကိုင်ဆောင်သူတို့သည် လွန်ခဲ့သော (၂၂-၅-၂၀၀၇) ရက်ကစ၍ တရားဝင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသော အကြင်လင်မယားဖြစ်ပြီး သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်ဌေးဌေးဝင်းနှင့် ဦးသိန်းစိုးဦးတို့သည် ကွာရှင်းပြတ်စဲမှုမရှိ ယနေ့တိုင် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေဆဲဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ဒင်(စဉ်-၇၃၃၁)** | **ဒေါ်အောင်ကျော်မ(စဉ်-၁၂၅၈၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၈၃)၊ အခန်း(၁၃/၃)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၂၇၇၄၊ ၀၉-၇၉၉၁၅၈၅၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈-B)၊ မြေကွက်အမှတ်(၄၉၇)၊ အမှတ်(၁၅၇)၊ ပုလဲရတနာလမ်း၊ ဧရိယာ(၀.၀၅၆)ဧက၊ စတုရန်းပေ(၂၄၃၀)ပေ၊ မြေအကျယ်အဝန်း အလျားပေ(၄၀.၆)xအနံပေ(၆၀) ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်မှာ ဦးကိုကို(AA-၀၈၃၉၇၆)ဖြစ်ပြီး ၁။ဦးမြင့်ဦး[၁၂/ဥကတ(နိုင်)၀၂၆၅၃၁]၊ ၂။ဒေါ်စန်းစန်းသီ[၁၂/ဥကတ(နိုင်) ၀၁၁၈၈၉]၊ ၃။ဦးဝင်းဇော်[၁၂/ဥကတ(နိုင်)၀၁၁၇၂၃]၊ ၄။ဒေါ်ရင်ရင်ကြူ[၁၂/ဥကတ(နိုင်)၀၂၅၄၆၉]၊ ၅။ဒေါ်စိုးစိုးနိုင်[၁၂/ဥကတ(နိုင်)၀၂၄၉၁၁]၊ ၆။ဦးအောင်အောင်[၁၂/ဥကတ(နိုင်)၀၂၃၈၀၇]တို့က တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး (၃၀-၆-၂၀၂၂)ရက်တွင် ငွေအပြေအကျေပေးချေမည်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလွင်(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၀၆/၂၀၀၆)**
**အမှတ်(၉)၊ ဆရာမကြီးလမ်း၊ ဆရာစံ(တောင်ရပ်)ကွက်၊ ဗဟန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၀၁၈၆၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၁/၁-၇၀၁) အောင်ရွှေဇင်လမ်း၊ ရွှေပေါက်ကံမြို့သစ်ရှိ ပေ(၁၀x၆၀) အိမ်နှင့်မြေကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်မော် [၁၂/ဥကမ(နိုင်)၂၄၇၃၄၈]ထံမှ ကျွန်ုပ်ဝယ်ယူရန်အတွက် စရန်ငွေချထားပေးသည်ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**မစုမြတ်**
**[၅/ယမပ(နိုင်)၀၈၉၂၃၇]**
**Ph:09-957475411၊ 09-406556137**

**STAR**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။

09250406914

ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း၊ စာကြည့်တိုက်နှင့် သိပ္ပံဆောင် စုစုပေါင်း လုပ်ငန်း(၉၀)ခုအတွက် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - (၁၆-၅-၂၀၂၂)ရက် (တနင်္လာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်အချိန် | - (ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါပိတ်မည့်ရက် | - (၂-၆-၂၀၂၂)ရက် (ကြာသပတေးနေ့) ညနေ (၁၆:၀၀)နာရီ |
| (ဃ) | တင်ဒါရောင်းချမည့်နေရာ | - ပြည်နယ်ပညာရေးမှူးရုံး၊မွန်ပြည်နယ် |
| (င) | တင်ဒါဖွင့်မည့်ရက်/အချိန် | - ထပ်မံကြေညာပါမည်။ |

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွန်ပြည်နယ်ပညာရေးမှူးရုံးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်ပညာရေးမှူးရုံး၊ မော်လမြိုင်မြို့**
**Ph:057-2027264**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ်-၄၉၂

| | | |
|---|---|---|
| ၁။ ဒေါ်ခင်မာလွင် | နှင့် | ဒေါ်စန္ဒာအေး |
| ၂။ ဦးစောဂေးသ(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးဝင်းကြိုင်) | | |
| **(လျှောက်ထားသူများ)** | | **(လျှောက်ထားခံရသူ)** |

